# နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အခြေခံမူများကြေညာစာတမ်း

# နှင့်

# ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် စောင့်ကြပ်ကွပ်ကဲသူများ လိုက်နာရမည့် အခြေခံကျင့်ဝတ်များ

၂၀၁၂ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ကုလသမဂ္ဂ၊ နယူးယောက်တွင် ကျင်းပခဲ့သည်။

## နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အတွက် ကမ္ဘာလုံးဆိုင်ရာအခြေခံမူများကြေညာစာတမ်း

### နိဒါန်း

စစ်မှန်သော ဒီမိုကရက်တစ်ရွေးကောက်ပွဲများသည် အချုပ်အခြာအာဏာကို ပြည်သူများစုပေါင်းထုတ်ဖော်ပြ ခြင်းဖြစ်ပြီး နိုင်ငံသားတို့ မလွှဲမသွေရရှိရမည့် အခွင့်အရေးတစ်ခုဖြစ်သည်။ အဆိုပါသဘောထား အမြင်များကို ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ကုလသမဂ္ဂ၏ နိုင်ငံတကာလူ့အခွင့်အရေးလုပ်ထုံးလုပ်နည်းများ၊ ဒေသတွင်းအစိုးရချင်း ချိတ်ဆက်ထားသော အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများက အသိအမှတ်ပြု ထားကြသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ် ၂၁ တွင် "ပြည်သူပြည်သားတို့၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလ ပိုင်းခြားလျက် စစ်မှန်သော ရွေးကောက် ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်း အညီအမျှ ဆန္ဒမဲပေးနိုင်ခွင့် ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက် မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့် ဖြစ်စေ၊ ကျင်းပရမည်"ဟု ထည့်သွင်းရေးသားထားသည်။ အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ နိုင်ငံတကာ အစည်းအဝေး (အိုင်စီစီပီအာရ်၊ ယနေ့ အချိန်အထိ နိုင်ငံပေါင်း ၁၆၅ နိုင်ငံလက်မှတ်ရေးထိုးပြီး) တွင်လည်း "နိုင်ငံသားတိုင်းသည် အပိုဒ် ၂ တွင် ထင်ရှားစွာဖော်ပြထားသည့် အချက်တစ်ခု (ယင်းတို့မှာ လူမျိုး၊ အသား အရောင်၊ လူမှုလိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေး သို့မဟုတ် အခြားအမြင်များ၊ တိုင်းပြည် သို့မဟုတ် လူမှုရေး၊ ပိုင်ဆိုင်မှု၊ မွေးဖွားရာနှင့် အခြားအဆင့်အတန်းများ) ခွဲခြားမှုမရှိဘဲ၊ ကျိုးကြောင်းဆီလျော်မှုမရှိသော ကန့်သတ်ချက်များမရှိဘဲ အခွင့်အရေးနှင့် အခွင့်အလမ်းခံစားခွင့် ရှိသည် " ဟု ထည့်သွင်း ရေးသားထားသည်။ အဆိုပါ အပိုဒ်နှစ်ခုတွင် ထည့်သွင်းရေးသားထားသည် ရွေးကောက်ပွဲနှင့် စပ်ဆက်သော လမ်းစဉ်များနှင့် အခွင့်အလမ်းများသည် နိုင်ငံသားတိုင်းသည် အစိုးရအဖွဲ့နှင့် ပြည်သူ့ရေးရာများတွင် တိုက်ရိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်ခြင်းဖြင့်သော်လည်းကောင်း ပါဝင်နိုင်ခွင့်ရှိသည်ဆိုသော အချက်များကို ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုခြင်းအပေါ် အခြေခံထားသည်။

နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ် ကွပ်ကဲရေးသည် ကမ္ဘာတစ်ဝန်းလုံး၌ ဒီမိုကရက်တစ်ဖွံ့ဖြိုးမှုများ၏ အကောင်အထည်အပေါ်ဆုံးနှင့် အသိသာဆုံး မျက်နှာစာတစ်ရပ်အဖြစ် ထွက်ပေါ်လာခဲ့သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ကမ္ဘာ့တိုက်ကြီး ငါးတိုက်ရှိ နိုင်ငံပေါင်း ၉၀ ကျော်တွင် ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းရန်၊ အစိုးရနှင့် နိုင်ငံရေးပြိုင်ဆိုင်မှုများကြား တာဝန်ခံမှုကို မြှင့်တင်ရန် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး လုပ်ငန်းများတွင် နိုင်ငံသားသန်းပေါင်းများစွာ ပါဝင်ခဲ့ကြသည်။ ယင်းသို့ ပါဝင်ခြင်းသည် စစ်မှန်သော ရွေးကောက်ပွဲများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဖြစ်ပေါ်လာဖွယ်ရှိသော ပဋိပက္ခများလျော့ပါးစေရန်၊ တာဝန်ခံမှုနှင့် ဒီမိုကရက်တစ် ဖွံ့ဖြိုးရေးကို မြှင့်တင်ရန်တို့ဖြစ်သည်။

နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ် ကွပ်ကဲရေး သည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာများနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးမျက်နှာစာ အားလုံးကို ခြုံမိစေမည့်

အရာများနှင့် မူပါဒချမှတ်ခြင်းနှင့် အကောင်အထည် ဖော်ခြင်း (UNHCR General Comment 25, Paragraph 5) တို့နှင့် ဆက်နွယ်နေသော ပြည်သူ့ရေးရာများတွင် ပါဝင်ခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သည်။ နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲ ရေးသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများလည်ပတ်လုပ်ကိုင်ရန်အတွက် ဗဟိုဖြစ်သော လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ကို ကျင့်သုံးခြင်း ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ နှင့် အိုင်စီစီပီအာရ်တို့က အကာအကွယ် ပေးထားသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အပါအဝင် ပွင့်လင်းမြင်သာမှုအတွက် အခရာကျသော သတင်းအချက်အလက်များ ရှာဖွေခြင်း၊ လက်ခံခြင်းနှင့် သတင်းအချက်အလက်များ ပေးခြင်းစသည့် အခွင့်အရေးများကိုလည်း ကျင့်သုံးခြင်းဖြစ်သည်။ နိုင်ငံသားတို့သည် စစ်မှန်သော ရွေးကောက်ပွဲတစ်ခု ခံစားပိုင်ခွင့်ရှိသလို ရွေးကောက်ပွဲသည် မဲဆန္ဒရှင်များ၏ ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုနိုင်ခြင်း၊ တိကျစွာမှတ်တမ်းတင်ခြင်းနှင့် မဲဆန္ဒရှင်များ၏ ဆန္ဒကို လေးစားလိုက်နာခြင်းတို့အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်က အခွင့်အလမ်းတစ်ခု ထောက်ပံ့ပေးထားခြင်းရှိ၊ မရှိကိုလည်း နိုင်ငံသားများ သိရှိခွင့်ရှိသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို နိုင်ငံသားများ စစ်ဆေးနိုင်အောင် လုပ်ဆောင်ပေးခြင်းသည် မရှိမဖြစ်လိုအပ်သည်။

စစ်မှန်သော ရွေးကောက်ပွဲတစ်ခုအောင်မြင်ရန်အတွက် ဗဟိုဖြစ်သော အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို အာရုံစိုက်သည့် အထူးပြု လူ့အခွင့်အရေး ကာကွယ်သူများအဖြစ် ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများနှင့် စောင့်ကြပ်ကွပ်ကဲသူများကို ထည့်သွင်းစဉ်းစားနိုင်သည်။ စစ်မှန်သော ရွေးကောက်ပွဲများသည် အသင်းပင်းဖွဲ့စည်းခြင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း၊ မီဒီယာလွတ်လပ်ခွင့်၊ လှုပ်ရှားမှု၊ လူပုဂ္ဂိုလ်၏ လုံခြုံရေး၊ ဆန္ဒမဲပေးမည့်သူနှင့် ရွေးကောက်ခံမည့်သူများအတွက် ဥပဒေအရ တူညီသော အကာအကွယ်ပေးခြင်း အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကျင့်သုံးခြင်းကို လေးစားရန်လိုအပ်သလို ရွေးကောက်ပွဲနှင့် ဆက်နွယ်သော အခွင့်အရေးများ ချိုးဖောက်ခံရပါက ထိရောက်သော ကုစားမှုများပေးရန်လည်း လိုအပ်သည်။

ရွေးကောက်ပွဲနှင့်ဆက်နွယ်သော အဆိုပါအခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သော ကိစ္စရပ်များသည် ရွေးကောက်ပွဲစက်ဝန်းတစ်ခုအတွင်း ကာလအလိုက်ဖြစ်စဉ်များနှင့် အင်စတီကျူး ရှင်းများအလိုက် သက်ရောက်မှုရှိပြီး နိုင်ငံတစ်ခုချင်းစီ၏ နိုင်ငံရေးဖြစ်စဉ်များနှင့် သမိုင်းဆိုင်ရာနောက်ခံ အခင်းအကျင်းများဖြင့် သက်ဆိုင်သည်။ တစ်ချိန်တည်းမှာပင် ရွေးကောက်ပွဲများသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်သော ဖြေရှင်းရမည့်အရာများကို စုပေါင်း၍ တောင်းဆိုနိုင်သလို ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို နိုင်ငံများတောင်းဆိုခွင့်ရစေသည်။ ထို့ကြောင့် စစ်မှန်သော ရွေးကောက်ပွဲများသည် ဒီမိုကရက်တစ်အုပ်ချုပ်ရေးကိုသာ တည်ဆောက်ရမည့် အခြေအနေတစ်ခုသာမကဘဲ ပိုမိုကျယ်ပြန့်သော ဒီမိုကရက်တစ်ဖွံ့ဖြိုးမှုတစ်ခုမှလည်း ခွဲခြားထား၍ မရပေ။

အခွင့်အရေးကို ရယူခံစားခြင်းသည် တာဝန်ယူမှုများမှ လာခြင်းဖြစ်သည်နှင့်အညီ ဘက်မလိုက်သော ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် စောင့်ကြပ်ကွပ်ကဲရေးသမားများသည် မိမိတို့၏ လုပ်ငန်းဆောင်တာများကိုလုပ်ဆောင်ရာတွင် လိုက်နာရမည့်ကျင့်ဝတ်များနှင့်အညီ တာဝန်ယူမှုရှိစွာ လုပ်ဆောင်ရမည် ဖြစ်သည်။ ဘက်မလိုက်မှုကို အလေးထားသည့် များစွာသော နိုင်ငံတကာသဘောတူညီချက်များ၊ ဘက်မလိုက်သော ပြည်တွင်း

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲသော အဖွဲ့အစည်းများနှင့် ယင်းတို့၏ နိုင်ငံဖြတ်ကျော် ကွန်ရက်များသည် သမာသမတ်ကျမှု၊ တိကျမှုနှင့် ပရော်ဖက်ရှင်နယ်ကျမှုတို့ လိုအပ်သည်။

နိုင်ငံသားအဖွဲ့အစည်းများကပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးတွင် တိုင်းပြည်အခြေအနေများနှင့် ကိုက်ညီသော အကောင်းဆုံးအလေ့အထများ ပေါင်းစပ်ထားသည့် ယုံကြည်ထိုက်သော နည်းနာဗေဒများအပေါ် အခြေခံထားသော သမာသမတ်ကျမှုနှင့် တိကျမှုများအတွက် အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းလိုအပ်သည်။ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး သည် ပုံမှန်မဟုတ်မှုများနှင့် မသမာမှုများကို ထုတ်ဖော်တားဆီးခြင်းဖြင့် ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကို မြှင့်တင်ရန်၊ ရွေးကောက်ပွဲနှင့် ဆက်စပ်သော ဖြစ်ပေါ်လာဖွယ်ရှိသည် အကြမ်းဖက်မှုများကို တားဆီးရန်နှင့် လျော့ပါးစေရန်၊ ရွေးကောက်ပွဲနှင့် နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်များကို တိုးတက်စေရန် အကြံပြုချက်များပေးရန် ကြိုးပမ်းရသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ခိုင်မာမှုအဖြစ် ပြည်သူ့ ယုံကြည်မှုကို တိုးမြှင့်ရန်နှင့် တစ်ဘက်သတ်ခွဲခြားဆက်ဆံမှုများနှင့် ကြောင်းကျိုးဆီလျော်မှုမရှိသော ကန့်သတ်မှုများမှ ကင်းလွတ်သည့် ရွေးကောက်ပွဲဖြစ်စဉ်များမှတစ်ဆင့် အစိုးရအဖွဲ့နှင့် ပြည်သူ့ရေးရာများတွင် နိုင်ငံသား တို့၏ ပါဝင်မှုများကို မြှင့်တင်ရန် ကြိုးပမ်းရမည်။

နိုင်ငံသားအဖွဲ့အစည်းများကပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ် ကွပ်ကဲရေးသည် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းများ(ရွေးကောက်ပွဲကော်မရှင်များ)၊ ရွေးကောက်ပွဲဖြစ်စဉ်များနှင့် ဆက်စပ်နေသော အစိုးရအာဏာပိုင်အဖွဲ့များနှင့် ပူးပေါင်းပြီး လေ့လာစောင့်ကြည့်ခြင်း၊ အချက်အလက်ကောက်ယူခြင်း၊ တွေ့ရှိချက်များရှာဖွေခြင်းတို့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ဒီမိုကရက်တစ်ရွေး ကောက်ပွဲများ နှင့်ပက်သက်သော လိုက်နာရမည့်အချက်များ၊ နိုင်ငံ့တရားရေးမူဘောင်များအပေါ်အခြေခံ၍ လုပ်ဆောင်ရမည်ဖြစ်သလို အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ ကြေညာစာတမ်းများနှင့် ယင်းကဲ့သို့သော သဘောတူညီချက်များတွင် ထည့်သွင်းထားသည့် စံနှုန်းများ၊ အခြေခံမူဝါဒများနှင့် သဘောတူညီချက် များအတိုင်းလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

သမားရိုးကျအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ အရည်အသွေးသည် ရွေးကောက်ပွဲတစ်ခုဆိုဦးတည်နေသည့် အုပ်ချုပ်မှု၏ ဒီမိုကရက်တစ်စရိုက်လက္ခဏာကို ရောင်ပြန်ဟပ်ပြီး ရွေးကောက်ပွဲတစ်ခု၏ ရလဒ်မှထွက် ပေါ်လာသော အစိုးရသဘာဝ၏ အရေးကြီးသောညွှန်းကိန်းတစ်ခုလည်း ဖြစ်နိုင်သည်။ ဘက်လိုက်မှုကင်းသော ရွေးကောက်စောင့်ကြည့် လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးတွင်ရှိသည့် ကျွမ်းကျင်မှုများနှင့် ကွန်ရက်များက ကမ္ဘာတစ်ဝန်းရှိ နိုင်ငံသားများအား ၎င်းတို့၏ ကျင်းပဆဲရွေးကောက်ပွဲဆိုင်ရာ ဂုဏ်သိက္ခာရှိရှိ လှုပ်ရှားမှုများကို ဆက်လက်တည်တံ့စေရုံသာမက ကိုယ်စားပြုမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံနိုင်သော ဒီမိုကရက်တစ် အုပ်ချုပ်မှုတို့ကို တိုးမြှင့်ရန် ၎င်းတို့၏ စောင့်ကြပ်ကွပ်ကဲခြင်း၊ ဦးဆောင်ဆော်သြခြင်းနှင့် တာဝန်ခံခြင်းစသည့် အားထုတ်လုပ်ဆောင်မှုများကိုလည်း အားကောင်းစေပြီး ကျယ်ပြန့်လာစေ မည်ဖြစ်သည်။

**ထို့ကြောင့်**

ဘက်လိုက်မှုကင်းသော ရွေးကောက်စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် ကမ္ဘာတစ်ဝန်း ကြီးထွားလာသော လမ်းကြောင်းတစ်ရပ်ဖြစ်လာသည်ဟု အသိအမှတ်ပြုလျက် တိုက်ကြီးငါးတိုက်ရှိ နိုင်ငံပေါင်း ၉၀ ကျော်အထိ ရောက်ရှိကာ နိုင်ငံသားသန်းပေါင်းများစွာကို ပြည်သူ့ရေးရာများတွင်ပါဝင်ရန် လှုံ့ဆော်စည်းရုံးနိုင် ခဲ့သည်။

နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် စစ်မှန်သောရွေးကောက်ပွဲများအောင်မြင်ရန်၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရက်တစ် အုပ်ချုပ်မှုများရှိရေးတို့၌ ဗဟိုဖြစ်သော အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ဦးတည်သည့် လူ့အခွင့်အရေးကာကွယ်ရေး၏ အထူးပုံစံတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားနိုင်ကြောင်း အသိအမှတ်ပြုလျက်ရှိသည်။

နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် ရွေးကောက်ပွဲနှင့်ဆက်စပ်နေသော ဖြစ်ပေါ်လာဖွယ်ရှိသည့် အကြမ်းဖက်မှုများအား တားဆီးခြင်းနှင့် လျော့ပါးစေခြင်းတို့တွင် သိသာစွာအကျိုးဖြစ်ထွန်းစေသည်ကို မှတ်ချက်ပြုလျှက်ရှိကြသည်။ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး၏ လှုပ်ရှားမှုများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပိုမိုကျယ်ပြန့်သော ဒီမိုကရက် တစ်ဖွံ့ဖြိုးမှုများကို ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲများအတွက် တရားရေးမူဘောင်အရ ဒီမိုကရက်တစ်အရည် အသွေးကို တိုးတက်စေရန် သိသာစွာ အကျိုးဖြစ်ထွန်းစေသည်ကို မှတ်ချက်ပြုလျက်ရှိသည်။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများရွေးကောက်ခံပိုင်ခွင့်ရှိသည့်၊ ရွေးကောက်ပွဲနှင့် နိုင်ငံရေးဖြစ်စဉ် များတွင် နိုင်ငံသားများ အပြည့်အဝပါဝင်ခွင့်နှင့် မဲပေးပိုင်ခွင့်ရှိသည့် စစ်မှန်သောရွေးကောက်ပွဲများကျင်းပရန် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းများ (ရွေးကောက်ပွဲကော်မရှင်များ) နှင့် အခြားသော အစိုးရအာဏာပိုင်များတွင် အလွန်အရေးကြီးသော တာဝန်တစ်ရပ်ရှိသည်ကို အသိအမှတ်ပြုလက်ခံလျှက် နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များကို လွတ်လွတ်လပ်လပ်စိစစ်ရာတွင် ထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်သည်ကိုလည်း အသိအမှတ်ပြု လက်ခံလျက်ရှိသည်။

ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး၏ ပြုမူ လုပ်ဆောင်ချက်သည် ဆန္ဒမဲပေးမည့်မဲဆန္ဒရှင်၊ ရွေးကောက်ခံမည့်သူနှင့် ရွေးကောက်ပွဲဖြစ်စဉ်များအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရာ၌ တာဝန်ယူသူများအပါအဝင် အခြားသော နိုင်ငံသားများအပေါ် တာဝန်ယူမှုများဖန်တီးပေးသည်ကို အတည်ပြုလျက်ရှိသည်။

စစ်မှန်သော ရွေးကောက်ပွဲများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၁ နှင့် အိုင်စီစီပီအာရ် အပိုဒ် ၂၅ အရ အုပ်ချုပ်မည့် အာဏာပိုင်အား နိုင်ငံသားများက မိမိတို့၏ ဆန္ဒကို ထုတ်ဖော်ပြသ ရန်အတွက် အခြေခံကိုထောက်ပံ့ပေးပြီး နိုင်ငံရေးအာဏာအတွက် ယှဉ်ပြိုင်မှုများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့် နည်းလမ်းများကို ထောက်ပံ့ပေးသည်ဟု အလေးထားလျှက်ရှိသည်။

အိုင်စီစီပီအာရ်အဖွဲ့ဝင် ၁၆၅ နိုင်ငံသို့ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ (ယူအင်အိတ်ချ်စီအာရ်) အထွေထွေမှတ်ချက် ၂၅၊ စာပိုဒ် ၅၊ ၈၊ ၂၀ တွင် ကြေညာခဲ့သည့် ပြည်သူ့ရေးရာများတွင် ပါဝင်ခွင့်သည့် နိုင်ငံသားများအား အများပြည်သူရေ့

စကားစစ်ထိုးပွဲများ၊ ဒိုင်ယာလော့ဂ်များနှင့် မိမိတို့ စွမ်းရည်အတွက် မိမိတို့ကိုယ်တိုင်ဦးစီးဦးဆောင်လုပ်ခြင်းတို့ဖြင့်ရရှိသည့် ကျယ်ပြန့်သောသဘောထားတစ်ရပ်ဖြစ်ပြီး ကော်မတီက အတည်ပြုသည်မှာ "မိမိတို့၏ ရွေးကောက်ပွဲသည် စစ်မှန်သည်ဟု မဲဆန္ဒရှင်များ ယုံကြည်မှုရှိစေရန် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများတွင် လွတ်လပ်သောစိစစ်မှုရှိသင့်သည်" ဟူ၍ဖြစ်သည်။

ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေး၏ လွတ်လပ်သောစိစစ်ရေးနှင့် ရွေးကောက်ပွဲများတွင်ဂန်းရံနေသော အခြားဖြစ် စဉ်များ၊ နိုင်ငံသားအဖွဲ့အစည်းများကပြုလုပ်သော ဘက်လိုက်မှုကင်းသည် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးများသည် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများသို့ အခြားအခြားသော အေးဂျင့်များထက် သိသာထင်ရှားသည်။

ချာတာစာချုပ်များ၊ ကွန်ဗင်းရှင်းစာချုပ်များ၊ ကြေညာစာတမ်းများနှင့် အခြား ဒေသဆိုင်ရာအစိုးရချင်းချိတ်ဆက်ထားသော အဖွဲ့အစည်းများကိုလည်း စစ်မှန်သော ဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက် အခွင့်အရေးအဖြစ် အသိမှတ်ပြုသလို အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ သဘောတူညီချက်များကိုလည်း အသိအမှတ်ပြုသည်။ ဥပမာအားဖြင့် အိုစီအက်စ်အီး၏ ၁၉၉၀ ကိုပင်ဟေဂင်သဘောတူညီချက်နှင့် ဒီမိုကရေစီ၊ ရွေးကောက်ပွဲများ၊ အုပ်ချုပ်မှုဆိုင်ရာ အာဖရိကန်ချာတာ၏ အပိုဒ် ၂၂ အပါအဝင် နိုင်ငံသားအဖွဲ့အစည်းများကပြုလုပ်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး ရှင်းလင်းစွာထောက်ပံပေးသည် ကြေညာချက်များစွာရှိကြောင်း အသိအမှတ်ပြုထားသည်။

နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး၏ များစွာသော အခြေခံမှုများသည် ယနေ့အချိန်အထိ အစိုးရချင်းချိတ်ဆက်ထားသော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း ၃၉ ခုက လက်မှတ်ရေးထိုးထားပြီး ကုလသမဂ္ဂအထွေထွေညီလာခံ (A/Res/64/155;8 March 2010) က အသိအမှတ်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် ၂၀၀၅ အခြေခံမှုကြေညာစာတမ်းများ ၌ ပထမကြေညာစာတမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၃နှင့် ဒုတိယကြေညာစာတမ်း၏ အပိုဒ် ၁ မှ အပိုဒ် ၃ တို့သည့် သဟဇာတဖြစ်နေသောကြောင့် ဘုံတူညီချက်များရှိသည်ဟု အသိအမှတ်ပြုထားကြသည်။

ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အတွက် ကမ္ဘာလုံးဆိုင်ရာအခြေခံမှုများကြေညာစာတမ်းကို ထောက်ခံသောအဖွဲ့အစည်းများနှင့် ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် စောင့်ကြပ်ကွပ်ကဲသူများအတွက် အခြေခံကျင့်ဝတ်များကို ထောက်ခံလက်မှတ်ရေးထိုးသူတို့ ပူးတွဲကြေညာချက်မှာ

**စစ်မှန်သော ရွေးကောက်ပွဲများ**

၁။ စစ်မှန်သောရွေးကောက်ပွဲများသည် သက်ဆိုင်ရာနိုင်ငံ ပြည်သူများ၏ အချုပ်အခြာအာဏာကို ဖော်ပြခြင်း၊ အာဏာပိုင်နှင့် အစိုးရ၏ တရားဝင်ဖြစ်မှုအတွက် အခြေခံများကို ထောက်ပံ့ပေးမည့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခြင်းဖြစ်ကြသည်။ သက်တမ်းအလိုက်ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွက် နိုင်ငံသားများ မဲပေးပိုင်ခွင့်နှင့် အရွေးချယ်ခံပိုင်ခွင့်တို့သည် နိုင်ငံတကာက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများဖြစ် ကြသည်။

စစ်မှန်သောရွေးကောက်ပွဲများသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရာ၌ အချက်အခြာကျပြီး ဒီမိုကရက်တစ် အုပ်ချုပ်မှုအတွက် တရားဝင်ဖြစ်စေသည်။

၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ အိုင်စီစီပီအာရ်နှင့် အခြားသော နိုင်ငံတကာသဘောတူ ညီချက်များအရ လူတိုင်းလူတိုင်းသည် သူ သို့မဟုတ် သူမ တိုင်းပြည်၏ အစိုးရနှင့် ပြည်သူ့ရေးရာတို့တွင် နိုင်ငံတကာလူ့အခွင့်အရေးအခြေခံမှုများအရ တားမြစ်ထားသော မည့်သည့်ခွဲခြားမှုမျိုးမှမရှိဘဲ၊ ကြောင်းကျိုးလျော်ညီ မှုမရှိသော ကန့်သတ်မှုများမရှိဘဲ ပါဝင်ခွင့်ရှိပြီး ပါဝင်နိုင်အောင်လည်းလုပ်ဆောင်ပေးရမည်။ အဆိုပါအခွင့် အရေးများကို ဆန္ဒခံယူပွဲများတွင် ပါဝင်ခြင်း၊ ရွေးကောက်ခံရသည့်ရုံးများတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်အခြား နည်းလမ်းများတွင် တိုက်ရိုက်အားဖြင့်ခံစားခွင့် သို့မဟုတ် ကိုယ်စားလှယ်များကို လွတ်လပ်စွာရွေးချယ်ခြင်းဖြင့် ခံစားခွင့်များရှိရမည်။

၃။ တိုင်းပြည်တစ်ပြည်၏ ပြည်သူများ၏ ဆန္ဒသည် အစိုးရ၏ အာဏာပိုင်အတွက် အခြေခံဖြစ်ပြီး အဆိုပါဆန္ဒကို လည်း လျှို့ဝှက်မဲပေးခြင်း သို့မဟုတ် တူညီသောလွတ်လွတ်လပ်လပ်မဲပေးခြင်း လုပ်ငန်းစဉ်များဖြင့် လူတိုင်း သာတူညီမျှ မဲပေးခြင်းမှ လွတ်လပ်စွာ မဲပေးခြင်းနှင့် မျှတစွာအရွေးချယ်ခံခြင်း အခွင့်အရေးနှင့်အခွင့်အလမ်းများ၊ ဆန္ဒမဲရလဒ်များ ရေတွက်ရာတွင် တိကျစွာရေတွက်ခြင်း၊ ကြေညာခြင်းနှင့် လေးစားခြင်းတို့ဖြင့် အာမခံပေးရမည် ဖြစ်သည်။ ထို့ကြောင့် ပမာဏအတော်များသော အခွင့်အရေးများနှင့် လွတ်လပ်မှုများ၊ ဖြစ်စဉ်များ၊ ဥပဒေများနှင့် အင်စတီကျူးရှင်းများသည် စစ်မှန်သောဒီမိုကရက်တစ်ရွေးကောက်ပွဲများအောင်မြင်ရေးတွင် ပါဝင်ပက်သက်နေသည်။

**ရွေးကောက်ပွဲဖြစ်စဉ်များအား ဘက်လိုက်မှုကင်းသော၊ အမှီအခိုကင်းသော စိစစ်မှု**

၄။ ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ် ကွပ်ကဲရေးသည် နိုင်ငံသားတို့အား အမှီအခိုကင်းသော၊ စနစ်ကျသော၊ တရားရေးမှုဘောင်၏ ပြည့်စုံ လုံလောက်သော အကဲဖြတ်မှု၊ အင်စတီကျူးရှင်းများ၊ ရွေးကောက်ပွဲနှင့်ဆက်စပ်သော နိုင်ငံရေးဖြစ်စဉ်များနှင့် ပတ်ဝန်းကျင်များ (တွေ့ရှိချက်များကို သမာသမတ်ကျကျ၊ တိတိကျကျနှင့် အချိန်ကိုက်လေ့လာသုံးသပ်မှု များနှင့် တွေ့ရှိချက်များကို သမာသမတ်ကျမှုနှင့် တိကျမှုအတွက် အမြင့်ဆုံးကျင့်ဝတ်စံနှုန်းများအပေါ်အခြေခံကာ ခွဲခြားခြင်း) စစ်မှန်သော ရွေးကောက်ပွဲများ ရရှိရန်အတွက် သင့်လျော်သော အကြံပြုထောက်ခံချက်များပေးခြင်းတို့မှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ ဖွံ့ဖြိုးမှုများအပေါ် ကိုယ်တိုင်စောင့်ကြည့် သတင်းပေးပို့ခြင်းဖြင့် နိုင်ငံသားတို့အား နိုင်ငံရေးအားဖြင့် ကြားနေဖြစ်ခြင်း၊ သမာသမတ်ကျခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းတို့ဖြင့် ပြည်သူ့ ရေးရာများတွင် မိမိတို့၏ အခွင့်အရေးများကို ခံစားရန် လှုံ့ဆော်စည်းရုံးခြင်းဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲများအတွက် တရားရေးမှုဘောင်များတွင်တိုးတက်မှုများရှိရန်၊ ရွေးကောက်ပွဲနှင်ဆက်စပ်သော စီမံအုပ်ချုပ်မှုများမှ တစ်ဆင့် သူတို့၏ အကောင်အထည်ဖော်မှုများနှင့် ရွေးကောက်ပွဲ ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာဖြစ်စဉ်များတွင် နိုင်ငံသားတို့အပြည့်အဝပါဝင်ရန် အဆီးအတားများကို ဖယ်ရှားရန်တို့အတွက် ဦးဆောင်ဆော်ဩခြင်းလည်း ဖြစ်သည်။

၅။ ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး သည် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအားလုံးနှင့် ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူ သည် အကြောင်းအရာတစ်ခုခု သို့မဟုတ် လုပ်ငန်းတစ်ခုခုကို ဆန့်ကျင်သူ သို့မဟုတ် ထောက်ခံသူများ အားလုံး အပေါ် သမာသမတ်ကျခြင်းဖြစ်သည်။ စစ်မှန်စွာရှိလှသည် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခု၏ ထွက်ပေါ်လာ ရလဒ်၏ ဒီဂရီကိုဆုံးဖြတ်ရာ၌ ရွေးကောက်ပွဲဆိုင်ရာ

ရလဒ်များနှင့်ပက်သက်ပြီး နိုင်ငံရေးအရ ကြားနေဖြစ်ခြင်းနှင့် ပွင့်လင်းမြင်သာစွာ၊ တိကျစွာနှင့် အချိန်ကိုက် သတင်းပေးပို့ခြင်းလည်း ဖြစ်သည်။

၆။ ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းများ(ရွေးကောက်ပွဲကော်မရှင်များ)၊ အခြားသော အစိုးရအေဂျင်စီများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်သူများနှင့် ပူးပေါင်း ဆောင် ရွက်ရန်ကြိုးပမ်းပြီး ရွေးကောက်ပွဲဖြစ်စဉ်များ သို့မဟုတ် အရာရှိများ၊ ရွေးကောက်ပွဲယှဉ်ပြိုင်ကြသူများနှင့် မဲဆန္ဒရှင်များကို အနှောင့်အယှက်မပေးချေ။ ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အဖွဲ့အစည်းများသည် ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များတိုးတက်ရန်အတွက် ထောက်ခံအကြံပြုချက်များပေးရန်၊ သတင်းအချက်အလက်များရှာဖွေရန်၊ လက်ခံရယူရန်နှင့် ပေးရန်၊ ရွေးကောက်ပွဲဆိုင်ရာနှင့် အခြားအစိုးရအာဏာပိုင်များ၊ အခြားရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်သူများနှင့် တွေ့ဆုံ သင့်သည်။

၇။ နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များအပါအဝင် အစိုးရ၏ အမှီအခိုကင်းလွတ်ပြီး စစ်မှန်သော ရွေးကောက်ပွဲများတွင် အစိုးရနှင့် ပြည်သူရေးရာများတွင် နိုင်ငံသားများ တိုက်ရိုက်ပါဝင်ခွင့် သို့မဟုတ် ကိုယ်စားလှယ်များအား လွတ်လပ်စွာရွေးချယ်ခွင့်များ တိုးမြှင့်ရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အလို့ငှာ ပြည်သူများ၏ အကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

၈။ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးကို လုပ်ဆောင်သော နိုင်ငံသားအဖွဲ့အစည်းများသည် မိမိတို့၏ ရန်ပုံငွေနှင့်ပက်သက်ပြီး ပွင့်လင်းမြင်သာမှုရှိသင့်ပြီး မိမိတို့၏ စောင့်ကြည့်ကွပ်ကဲရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံမှုမရှိမှု၊ သမာသမတ်ကျမှု၊ တိကျမှုနှင့် အချိန်ကိုက်မှုတို့ကို အတားအဆီးဖြစ်စေမည့် အကျိုးစီးပွားခြင်း ထိပ်တိုက်တွေ့စေမည့် အခြေအနေမျိုးရှိသောရင်းမြစ်တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုထံမှ ရန်ပုံငွေလက်မခံသင့်ပေ။ သူ သို့မဟုတ် သူမ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲခြင်းများတွင် ခွဲခြားဆက်ဆံမှု မရှိမှု၊ သမာသမတ်ကျမှု၊ တိကျမှုနှင့် အချိန်ကိုက်ဖြစ်မှုတို့ကို အဆီးအတားဖြစ်စေမည့် နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် အခြားသော အကျိုးစီးပွားခြင်း ပဋိပက္ခဖြစ်မှုတစ်ခုခုက ကင်းလွတ်ခြင်းမရှိလျှင် သူမ သို့မဟုတ် သူ့ကို ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးတွင် ခွင့်ပြုရန်မသင့်ပေ။

၉။ နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်တစ်ခုလုံးကို သက်ရောက်ဖွယ်ရှိသည့် အချက်အလက်များအပါအဝင် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခု၏ သက်ဆိုင်သောအရာအားလုံးကို လက်တွေ့ကျသောအချိန်တွင် စုဆောင်းပြီး သမာသမတ်ကျကျအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းသို့အကဲဖြတ် ခြင်းကို နိုင်ငံသားအဖွဲ့အစည်းတစ်ခု၊ အဖွဲ့အစည်းများ မဟာမိတ်တစ်ခု သို့မဟုတ် အဖွဲ့အစည်းများ၏ ညှိနှိုင်း ဆောင်ရွက်ခြင်းအားထုတ်မှုများဖြင့် ပြည့်စုံလုံလောက်သည့် ဘက်လိုက်မှုကင်းသော စောင့်ကြည့်လေ့လာရေး နှင့် စောင့်ကြပ်ကွပ်ကဲရေး ပြီးမြောက်အောင်မြင်နိုင်သည်၊ ဘက်လိုက်မှုကင်းသည့် အထူးရွေးချယ်ထားသော စောင့်ကြပ်ကွပ်ကဲရေးနည်းလမ်းများကို အသုံးပြုပြီး ရွေးကောက်ပွဲစက်ဝန်း၏ ဖြစ်ရပ် သို့မဟုတ် အကြောင်းအရာတစ်ခုခု စိစစ်ဆုံးဖြတ်ရန် ရွေးချယ်ခြင်း အပါအဝင်များစွာသော အဖွဲ့အစည်းများ တစ်ဖွဲ့နှင့်တစ်ဖွဲ့

အမှီအခိုကင်းစွာ ပို၍ သို့မဟုတ် လျော့၍ အားထုတ်ခြင်းဖြင့် ပြီးမြောက်အောင်မြင်နိုင်သည်။ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးတွေ့ရှိချက်များ ရှုပ်ထွေးမှုများ၊ အားထုတ်မှုများ မလိုအပ်ဘဲ ထပ်ခြင်းတို့ကို ရှောင်ကြဉ်ရန် နိုင်ငံသား အဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးသည် တိုင်းပြည်အခြေအနေများနှင့် သင့်လျော်သော အနေအထားများတွင် ညှိနှိုင်းဆောင်ရွက်ရေးအတွက် အမြင့်မားဆုံး ပူးပေါင်းဆောင်ရွက်မှုနှင့် အလားအလာများရရှိရန် ကြိုးပမ်း ရမည်ဖြစ်သည်။

၁၀။ ရွေးကောက်ပွဲတစ်ခု သို့မဟုတ် အကြောင်းအရာတစ်ခုအား လေ့လာစောင့်ကြည့်ခြင်း နှင့်/သို့မဟုတ် စောင့်ကြပ်ကွပ်ကဲခြင်း ပြုလုပ်ရန် နိုင်ငံသားအဖွဲ့အစည်းများက ဆုံးဖြတ်ခြင်းသည် ရွေးကောက်ပွဲဖြစ်စဉ်သည် ယုံကြည်လောက်သည် သို့မဟုတ် ယုံကြည်လောက်မှုမရှိဆိုသော အချက်ကို အဖွဲ့အစည်းက ညွှန်းခြင်း မဟုတ်ပေ။ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့ လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲခြင်းသည် ဖြစ်စဉ်များနှင့် ၎င်း၏ အကြောင်းအရာများကို တိကျစွာ၊ ဘက်လိုက်မှု ကင်းစွာ တိုင်းပြည်၏ တရားရေးလိုအပ်ချက်များအရ သင့်လျော်သော စရိုက်ခွဲခြားထားသည့် ဖြစ်စဉ်များကို လက်တွေ့ကျစေရန်နှင့် အသုံးပြုနိုင်သော နိုင်ငံတကာဆိုင်ရာ လိုက်နာရန် စည်းကမ်းကျင့်များအရ စနစ်ကျစွာ အကဲဖြတ်ရန် ကြိုးပမ်းရမည်။ ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများသည် လွဲမှားစွာ အနက်ကောက်ခြင်းကဲ့သို့သော ဖြစ်ရပ်များမှ ကာကွယ် ရန် ပြည်သူများအား ထုတ်ပြန်ချက်များ ထုတ်ပေးခြင်းအပါအဝင် မိမိတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို ဒီမိုကရက်တစ်မကျသော ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များကို တရားဝင်ဖြစ်စေခြင်းကဲ့သို့ အနက်ကောက်မှုမျိုး မဖြစ်စေရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့်အခါ၌ စောင့်ကြည့်လေ့ လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲခြင်းများကို ရပ်တန့်ခြင်းနှင့် ယင်းသို့ဆောင်ရွက်ခြင်းအတွက် အခြေခံကိုလည်း ပြည်သူများသိအောင် ထုတ်ပြန်ပေးရမည်။

၁၁။ ယခုကြေညာစာတမ်းကို ထောက်ခံအတည်ပြုလျက်ရှိသော အဖွဲ့အစည်းများသည် စစ်မှန်သော ရွေးကောက်ပွဲများနှင့်ပက်သက်ပြီး စံနှုန်းများ၊ အခြေခံမူဝါဒများ၊ လိုက်ရာရမည့်ကျင့်ဝတ်များ၊ ကတိကဝတ်များနှင့် အကောင်းဆုံးအလေ့အထများ ချမှတ်ခြင်းကို ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ပညာရပ်ဆိုင်ရာလေ့လာလိုက်စားသူများမှတစ်ဆင့် အပါအဝင် နိုင်ငံတကာအားဖြင့် ခိုင်မာသောတိုးတက်မှုများ အသိအမှတ်ပြုကြသည်။ ယခုကြေညာစာတမ်းကို ထောက်ခံအတည်ပြုလျက်ရှိသော အဖွဲ့အစည်းများသည် မိမိတို့၏ လေ့လာသုံးသပ်ချက်များ၊ နိဂုံးကောက်ချက်များ၊ စရိုက်လက္ခဏာခွဲခြားခြင်းများနှင့် ထောက်ခံအကြံပြုချက်များကို အကောင်းဆုံး သတင်းပေးရာတွင် သူတို့ကိုယ်တိုင် ယင်းစံသတ်မှတ်ချက်များနှင့် ရင်းနှီးလာခဲ့ပြီး အသုံးပြုကြသည်။ မိမိတို့၏လေ့လာစောင့်ကြည်ရေးနှင့် စောင့်ကြည့်ကွပ်ကဲရေးလုပ်ငန်းများတွင် မိမိတို့အသုံးပြုသော စံနှုန်းသတ်မှတ်ချက် များနှင့် ပက်သက်ပြီး ပွင့်လင်းမြင်သာမှုရှိရန် သူတို့က ကတိကဝတ်ပြုကြသည်။

၁၂။ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး နှင့် စောင့်ကြပ်ကွပ်ကဲရေးတွင် ရွေးကောက်ပွဲဖြစ်စဉ်များ တိုးတက်မှုရှိစေရန်အတွက် လေ့လာစောင့်ကြည့်ချက်များ၊ သုံးသပ်ချက်များ၊ ရှာဖွေတွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များပါဝင်သော တိတိကျကျ၊ သမာသမတ်ရှိရှိ အချိန်ကိုက်ဖြစ်သည့် ပြည်သူများသို့ပုံမှန်အစီရင်ခံစာများ၊ ကြေညာချက်များနှင့် ထုတ်ပြန်ချက်များ ထုတ်ပြန်ပေးရန် တာဝန်လည်း ပါဝင်သည်။ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုတွင် လေ့လာစောင့် ကြည့်ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး

ပြုလုပ်ချိန်တွင် ကန့်သတ်ထားသော အဖြစ်အပျက်တစ်ခု သို့မဟုတ် ကန့်သတ်ထားသော အဖြစ်အပျက်များရှိလျှင် ဆက်စပ်နေသော ပြည်သူ့သို့ထုတ်ပြန်ချက်ကို ထိုသို့ဖြစ်ကြောင်း ရှင်းလင်းစွာ ထုတ်ပြန်ပေးသင့်သည်။ ထို့ပြင် ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲလေ့လာစောင့် ကြည့်သူများနှင့် စောင့်ကြပ်ကွပ်ကဲသူများ၊ နိုင်ငံသား အဖွဲ့အစည်းများကပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲ ခြင်းတို့ဖြင့် သမာသမတ်ကျစွာသော အစီရင်ခံစာ များကို လေ့လာသုံးသပ်မှုပြုရာတွင် အခြားသော ဘက်လိုက်မှု ကင်းသည့် နိုင်ငံသားအဖွဲ့အစည်းများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလားတူရင်းမြစ်များ (ယင်းသို့သောရင်းမြစ်သည် ရှာဖွေတွေ့ရှိချက် သို့မဟုတ် နိဂုံးကောက်ချက်တစ်ခုခုအတွက် အခြေခံမှုတစ်ခုခု အဖြစ်ဖော်ပြမည်ဆိုလျှင် ရင်းမြစ်ကို မည်သူမည်ဝါဖြစ်ကြောင်းထုတ်ဖော်ရမည်) က ပြုလုပ်သော ရွေးကောက်ပွဲဖြစ်စဉ် များ၏ ယုံကြည်ထိုက်သော အကဲဖြတ်ချက်များကိုလည်း ထည့်သွင်းရဖွယ်ရှိသည်။

၁၃။ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး နှင့် စောင့်ကြပ်ကွပ်ကဲရေးတွင် အကဲဖြတ်ထားသည့် ရွေးကောက်ပွဲဖြစ်စဉ် နှင့်/သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ပတ်ဝန်းကျင်၏ မျက်နှာစာပေါ်မူတည်ပြီး အမျိုးမျိုးသော နည်းနာဗေဒများနှင့် နည်းနိဿယများကို အသုံးပြုကြ သည်။ တိကျပြီး သမာသတ်ကျကျဖြင့် အချိန်ကိုက် လက်တွေ့ကျကျ လေ့လာစောင့်ကြည့်မှုများ၊ တွေ့ရှိချက် များ၊ သုံးသပ်ချက်များနှင့် နိဂုံးကောက်ချက်များကို ထုတ်ပြန်ရန်အလို့ငှာ တိုင်းပြည်အခြေအနေများနှင့် ကိုက်ညီ ပြီး ခိုင်မာသော အခြေခံမှုများနှင့်အညီ အကောင်းဆုံးနှင့် စနစ်အကျဆုံး နည်းနာဗေဒများ၊ နည်းနိဿယများကို အသုံးပြုရန်မည်ဖြစ်သည်။

၁၄။ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်း နှင့် စောင့်ကြပ်ကွပ်ကဲခြင်းတွင် အပြိုင်မဲရေတွက်ခြင်း (PVTs)၊ အမြန်ရေတွက်ခြင်း သို့မဟုတ် အလားတူဝေါဟာရအဖြစ် မကြာခဏရည်ညွှန်းကြသည့် နည်းနာဗေဒများဖြင့် ရွေးကောက်ပွဲဆိုင်ရာ ရလဒ်ကို တိတိကျကျ အတည်ပြုခြင်းအပါအဝင် ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲလွန်နှင့် ရွေးကောက်ပွဲနေ့လုပ်ငန်းစဉ်များ၏ ဂုဏ်သိက္ခာကို အကဲဖြတ်ရန်အတွက် စာရင်းအင်းအပေါ်အခြေခံထားသော နည်းနာဗေဒများကို အသုံးပြု ကောင်းပြုဖွယ်ရှိသည်။ ယင်းသို့သော နည်းနာ ဗေဒများအပေါ်အခြေခံထားသည့် ရှာဖွေတွေ့ရှိချက်များနှင့် နိဂုံးကောက်ချက်များနှင့်ပက်သက်ပြီး အချိန်ကိုက်အစီရင်ခံစာ များ၊ ကြေညာချက်များနှင့် ထုတ်ပြန်ချက်များနှင့် ပက်သက်သည့် ဆုံးဖြတ်ချက်များချရာတွင် စောင့်ကြည့်လေ့လာသူ အစီရင်ခံစာ၏ ယုံကြည်စိတ်ချရမှု၊ လက်ခံရရှိသည် သတင်းအချက်အလက်လုံလောက်မှု၊ စာရင်းအင်းအချက်အလက်များ သုံးသပ်မှု၏ တိကျမှု များကို သေသေချာချာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သလို အစီရင်ခံစာများ၏ အချိန်ကိုက် ဖြစ်မှုနှင့်ပက်သက် သော ရွေးကောက်ပွဲဆိုင်ရာ စဉ်းမျဉ်းများကိုလည်း သေသေချာချာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ယင်းသို့ သောအစီရင်ခံစာများတွင် တွေ့ရှိချက်များ၏ အမှားအယွင်းဖြစ်နိုင်ခြေပမာဏနှင့် စာရင်းအင်းဆိုင်ရာ နမူနာများ နှင့်ပက်သက်သော သတင်းအချက်အလက်များ ပါဝင်သင့်သည်။

၁၅။ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး နှင့် စောင့်ကြပ်ကွပ်ကဲရေးသည် ရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာဖြစ်စဉ်များ ပြုလုပ်ခြင်းနှင့် ပိုမိုကျယ်ပြန့်သော ဒီမိုကရက်တစ်ဖွံ့ဖြိုးမှုအတွက် တရားရေးမှုဘောင်တိုးတက်ရန်နှင့် ရွေးကောက်ပွဲနှင့် ဆက်စပ်သော ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုများကို တားဆီးရန်နှင့် လျော့ပါးစေရန် သိသိသာသာ ပါဝင်အားဖြည့်နိုင်သည်။ ထို့ကြောင့် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့များသည်

လက်တွေ့လုပ်ဆောင်နိုင်သည့်နေရာများတွင် ငြိမ်းချမ်းသော ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာဖြစ်စဉ်များအတွက် ဦးဆောင်စည်းရုံးခြင်း၊ ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်စီမံမှုများအတွက် တရားရေးမူဘောင်များ တိုးတက်ခြင်းများ၊ ရွေးကောက်ပွဲဆိုင် ရာနှင့် နိုင်ငံရေးဆိုင်ရာများတွင် တာဝန်ခံမှု၊ အမျိုးသမီးများ၊ လူငယ်၊ ဌာနေတိုင်းရင်းသားပြည်သူများနှင့် အခြား ဘေးထုတ်ခံလူများအား ရွေးကောက်ပွဲဆိုင်ရာ ပါဝင်မှုများအတွက် အတားအဆီးများကို ဖယ်ရှားပေးရန် ဦးဆောင်ဆော်သြရမည်ဖြစ်သလို ပြည်သူ့ရေးရာများတွင် နိုင်ငံသားများပါဝင်မှုကို မြှင့်တင်ရန်လည်း ဦးဆောင် ဆော်သြရမည်ဖြစ်သည်။

**လေ့လာစောင့်ကြည့်ခြင်း သို့မဟုတ် စောင့်ကြပ်ကွပ်ကဲခြင်းဖြစ်စဉ်များနှင့် လိုအပ်သော အနေအထားများ**

၁၆။ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း နှင့် စောင့်ကြပ်ကွပ်ကဲခြင်းတွင် ရွေးကောက်ပွဲစက်ဝိုင်း၏ အစိတ်အပိုင်းအားလုံးဖြေရှင်းပေးသည့် ၎င်းတို့၏ အကောင်းဆုံး အလေ့အထ ရေရှည် လေ့လာစောင့်ကြည့်ခြင်းနှင့် သုံးသပ်ခြင်းများကို အသုံးပြုသလို ရွေးကောက်ပွဲများ၏ စရိုက်လက္ခဏာနှင့် အရည်အသွေးကို သက်ရောက်မှုရှိသည့် ပိုမိုကျယ်ပြန့်သော ရွေးကောက်ပွဲနောက်ခံ အခင်းအကျင်းကိုလည်း အသုံးပြုကြသည်။ ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများသည် ရွေးကောက်ပွဲလုပ်ငန်း စဉ်တစ်ခုခု၏ အဖြစ်အပျက်အားလုံးကို စိစစ်ဆုံးဖြတ် မပေးနိုင်သည့်နေရာတွင် ရွေးကောက်ပွဲစက်ဝိုင်း၏ သင့်လျော်သော နောက်ခံအခင်းအကျင်းတွင် ရွေးကောက်ပွဲမတိုင်မီ ကာလ ထူးခြားဖြစ်စဉ်များ၊ ရွေးကောက်ပွဲလွန် ဖက်တာများနှင့် ရွေးကောက်ပွဲနေ့ဖြစ်စဉ်များနေရာများကိုလည်း ထည့်သွင်း စဉ်းစားသင့်သလို ဆက်စပ်နေသော နိုင်ငံရေးဆိုင်ရာပတ်ဝန်းကျင်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ရွေးကောက်ပွဲ နေ့ဖွံ့ဖြိုးမှုများကို အလွန်အကျွံအလေးမထားရန်လိုအပ်သည့်အပြင် ရွေးကောက်ပွဲဖြစ်စဉ်၏ သဘာဝကိုလည်း ကောက်ချက်ချ မလွဲစေရန် လိုအပ်သည်။

၁၇။ အောက်ပါအချက်များမှာ ရွေးကောက်ပွဲဖြစ်စဉ်များ၏ အဖြစ်အပျက်များကို အကဲဖြတ်သင့်သည့် ဥပမာများ ဖြစ်သော်လည်း ယင်းတို့အားလုံးကို ရွေးကောက်ပွဲတိုင်းတွင် လေ့လာစောင့်ကြည့်/စောင့်ကြပ်ကွပ်ကဲရန် ဖြစ်နိုင် ဖွယ်မရှိပေ။

(က) တရားရေးမူဘောင်အတိုင်းလုပ်ဆောင်ခြင်းနှင့် အကောင်းအထည်ဖော်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများ၊ စာချုပ်များပါ လိုက်နာရမည့်ဂတိကရားများနှင့် အခြားနိုင်ငံတကာ သဘောတူညီချက်များ၊ ရွေးကောက် ပွဲနှင့်ပက်သက်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) အစိုးရနှင့်ဆက်စပ်သော လုပ်ငန်းများနှင့် ရွေးကောက်ပွဲဆိုင်ရာစီမံအုပ်ချုပ်ရေး၏ သမာသမတ်ကျမှု၊ ပွင့်လင်းမြင်သာမှု နှင့် ထိရောက်မှုများ။

(ဂ) ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များ (ရွေးကောက်ပွဲကော်မရှင်များ)၏ အဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် ဆက် လက်ခန့်ထားခြင်း လုပ်ငန်းစဉ်များ။

(ဃ) ရွေးကောက်ပွဲ ခရိုင်နယ်ပယ်များကို ကန့်သတ်မှုများပယ်ဖျက်ခြင်း။

(င) နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ ဆန္ဒခံယူပွဲအတွက်လုပ်ဆောင်မှုများနှင့် ယင်းတို့၏ မဲပေးရန် အရည်အချင်းများအတွက် မှတ်ပုံတင်စာရင်းသွင်းခြင်း။

(စ) ကိုယ်စားလှယ်လောင်းများရွေးချယ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် အခြေခံကျင့်ဝတ်များကျင့်သုံးခြင်း စသည့် ကိစ္စရပ်များနှင့် ပက်သက်ပြီး တရားရေးဆိုင်ရာ ဝတ္တရားများနှင့် အခြားလိုအပ်ချက်များနှင့်အတူ နိုင်ငံရေး ပါတီများအား စုပေးခြင်း။

(ဆ) နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများ ဘဏ္ဍာရေးထောက်ပံ့ခြင်း၊ မဲဆွယ်ရန်ပုံငွေသုံးစွဲခြင်းနှင့် နှစ်ခု စလုံးကို ကြီးကြပ်ခြင်းနှင့်ဆက်စပ်သော လုပ်ငန်းစဉ်များ။

(ဇ) ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများသို့ တရားမဝင်ငွေကြေးထောက်ပံ့ခြင်းများ၊ နိုင်ငံတကာမီဒီယာဘက် လိုက်မှုများနှင့် အခြားသော လှုပ်ရှားမှုများမှတစ်ဆင့် ရွေးကောက်ပွဲဖြစ်စဉ်များတွင် နိုင်ငံတကာကြားဝင်မှုသော ဖြစ်ရပ်များ။

(ည) နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ဆန္ဒခံယူပွဲကို ထောက်ခံသူ သို့မဟုတ် ဆန့်ကျင် သူ တစ်စုံတစ်ယောက်က ၎င်းတို့၏ နိုင်ငံရေးအားဖြင့် သမာသမတ်မကျစွာ လျှောက်လွှာတင်ခြင်း၊ ရွေးကောက် ပွဲဆိုင်ရာ အားသာချက်အတွက် မလျော်မကန်အသုံးပြုခြင်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာအခင်းအကျင်းတွင် နိုင်ငံပိုင်ရင်းမြစ်များ ကို သုံးစွဲခြင်း။

(ဋ) ရွေးကောက်ပွဲနှင့် ဆက်စပ်သောခြိမ်းခြောက်မှုများကို ဖော်ကောင်လုပ်သူအတွက် အကာအကွယ်ပေးခြင်းအပါ အဝင် ရွေးကောက်ပွဲဆိုင်ရာ အခင်းအကျင်းတွင် ခြိမ်းခြောက်မှုတိုက်ဖျက်ရေးဥပဒေများနှင့် အခြားကာကွယ် ထိန်းသိမ်းစောင့်ရှောက် ခြင်းများ အသုံးပြုခြင်း။

(ဌ) အစည်းအဝေးကျင်းပရန်နေရာ၊ လူထုစီတန်းလှည့်လည်ပွဲများ၊ ချီတက်ပွဲများနှင့် မဲဆွယ်ပစ္စည်းများ ကပ်ခြင်း ကဲ့သို့ ငြိမ်းချမ်းစွာ စုဝေးခြင်းများနှင့် မဲဆွယ်လှုပ်ရှားမှုအတွက်နေရာများ အသုံးပြုရန်အတွက်ခွင့်ပြုချက်များနှင့် ခွင့်ပြုချက် ထုတ်ပေးခြင်းများကဲ့သို့သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ပြည်သူ့ဝန်ထမ်းများ၏ ပြုမူဆောင်ရွက်မှုများ။

(ဍ) နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ဆန္ဒမဲပေးပွဲကို ထောက်ခံသူများ သို့မဟုတ် ဆန့်ကျင်သူများအတွက် ရုပ်သံမီဒီယာများ သုံးခွင့်နှင့်ပက်သက်ပြီး လိုအပ်ချက်များနှင့် အလေ့အထများ။

(ဎ) ရွေးကောက်ပွဲများ သို့မဟုတ် ဆန္ဒခံယူပွဲများတွင် မဲဆန္ဒရှင်၏ရွေးချယ်မှုသည့် ကိစ္စရပ်များနှင့် ရွေးကောက်ပွဲယှဉ်ပြိုင်သူများ အား စောင့်ကြပ်ကွပ်ကဲသည့် ပမာဏနှင့် အရည်အသွေးအပါအဝင် ဆန္ဒခံယူပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ ထောက်ခံသူများနှင့် ဆန့်ကျင်သူများနှင့် ပက်သက်ပြီး နိုင်ငံပိုင်၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကမီဒီယာများက သတင်းတင်ဆက်မှုနှင့်ပက် သက်သော လိုအပ်ချက်များနှင့် အလေ့အထများ။

(ဏ) မဲဆန္ဒပေးကြမည့်သူများ၏ ထောက်ခံမှုအတွက် လွတ်လပ်စွာ မဲဆွယ်စည်းရုံးရန် ဆန္ဒခံယူပွဲတွင် ပါဝင်မည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ ထောက်ခံသူများနှင့် ဆန့်ကျင်သူများ၏ လုပ်ဆောင်နိုင်စွမ်း။

(တ) ရွေးကောက်ပွဲဆိုင်ရာ ရွေးချယ်မှုများပြုလုပ်ခြင်းပက်သက်ပြီး တိကျပြီး အရည်အသွေးပြည့်သော သတင်းအချက်အလက်များ (လူနည်းစု ဘာသာစကားများ အပါအဝင်) ရှာဖွေရန်နှင့် လက်ခံရယူရန် ဌာနေ တိုင်းရင်းသားများနှင့် အခြားသော အစဉ်အလာအားဖြင့် ဘေးဖယ်ထုတ်ခံထားရသော လူဦးရေ အပါအဝင် မဲပေးမည့် မဲဆန္ဒရှင်များ၏ စွမ်းရည်။

(ထ) မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်းနှင့် မဲဆန္ဒရှင်စာရင်းများတွင် သတင်းအချက်အလက်များ တိကျစွာပါဝင်စေရန် ယင်းတို့၏ လိုအပ်ချက်နှင့် မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းသွင်းနိုင်စွမ်း။

(ဒ) ရဲတပ်ဖွဲ့၊ အခြားလုံခြုံရေးတပ်ဖွဲ့များ၊ တရားသူကြီးများနှင့် တရားရုံးများကပေးသော ထိရောက်ပြီးညီမျှသည့် ဥပဒေအရာအကာအကွယ်များအပါအဝင် သူတို့၏ ရွေးကောက်ပွဲဆိုင်ရာ ရွေးချယ်မှုများအတွက် အကြမ်းဖက် ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လာဘ်ယူခြင်းနှင့် လက်တုံ့ပြန်တို့မှ ကင်းဝေးစွာဖြင့် ဆန္ဒမဲပေးမည့်သူများ၊ ရွေးချယ်ခံ မည့်သူများနှင့် ယင်းတို့ကို ထောက်ခံသူများ၏ စွမ်းရည်။

(ဓ) မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သို့နှင့် မည်သည့်ကြောင့် မဲစာရင်းသွင်းရန်နှင့် မဲပေးရန်စသည့် အရာများအပါအဝင် အရည်အသွေးပြည့်ဝသော မဲပေးသူပညာပေး (အထူးသဖြင့် နိုင်ငံတော် အေဂျင်စီများက ပြုလုပ်သော)လိုပင် လျို့ဂှက်စွာမဲပေးခွင့်အတွက် အာမခံချက်များ။

(န) မဲပေးမည့်နေရာများ၏ နေရာထိုင်ခင်းသင့်လျော်မှုနှင့် ယင်းတို့အသုံးပြုသည့်ပစ္စည်းကိရိယာများ၏ အရည်အသွေး ပြည့်ဝမှု။

(ပ) မဲပြားများနှင့် အခြားသော ထိလွယ်ရှလွယ် ရွေးကောက်ပွဲပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ မဲရုံများသို့ ဖြန့်ဝေခြင်း၊ ပြန်လည်သိမ်းဆည်းခြင်းနှင့် ထိန်းသိမ်းခြင်း။

(ဖ) မဲဆန္ဒရှင်စာရင်းသွင်းခြင်း၊ အီလက်ထရွန်းနစ်မဲပေးခြင်း၊ မဲရလဒ်ကို ရေတွက်ခြင်းနှင့် အခြားသောထိလွယ် ရှလွယ်ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဖန်တီးခြင်းနှင့် အဆုံးသတ်ခြင်းတို့တွင် အီလက်ထရွန်းနစ်နည်းပညာ များအသုံးပြုခြင်းနှင့် ပက်သက်ပြီး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည့် အဆင့်တိုင်းနှင့် မူဂါဒချ မှတ်ခြင်း ဖြစ်စဉ်များ။

(ဗ) ရွေးကောက်ပွဲဆိုင်ရာ နည်းပညာများ၏ ရေရှည်တည်တံ့မှု၊ သင့်လျော်မှုနှင့် ကုန်ကျစရိတ်သက်သာမှုများ။

(ဘ) လုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာမှု၊ မတိကျမှုများမရှိအောင် တိကျမှုကို ထိန်းသိမ်းစောင့်ရှောက် ခြင်းအပါအဝင် မဲပေးခြင်း (လူနည်းစု ဘာသာစကားများအပါအဝင်)၊ မဲရေတွက်ခြင်း၊ မဲရလဒ်တွက်ချက်ခြင်းနှင့် ရလဒ်ကြေညာခြင်း။

(မ)ရွေးကောက်ပွဲနှင့်ဆက်စပ်သော အခွင့်အရေးများချိုးဖောက်မှုများအတွက် ထိရောက်သောကုစားမှုများ ပေးခြင်း အပါအဝင် နိုင်ငံသားများ၊ မဲဆန္ဒပေးမည့်သူများ၊ ရွေးကောက်ပွဲဝင်မည့်သူများနှင့် ရွေးကောက်ပွဲကို ထောက်ခံသူများ သို့မဟုတ် ကန့်ကွက်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားချက်များနှင့် စိန်ခေါ်မှုများနှင့် ပက်သက်ပြီး လုပ်ငန်းစဉ်များနှင့် ဖြစ်စဉ်များဖော်ဆောင်မှုများ။

(ယ) သင့်လျော်သော ပြစ်ဒဏ်များပေးခြင်းအပါအဝင် ရွေးကောက်ပွဲဆက်စပ်သော အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများနှင့် ပက်သက်ပြီး စွပ်စွဲထားသည့် ဉပဒေများနှင့် စည်းကမ်းများချိုးဖောက်ခံရခြင်းနှင့်ပက်သက်သော အုပ်ချုပ်ရေး၊ အရပ်ဘက်နှင့် ရာဇဝတ်မှုပိုင်းဆိုင်ရာ ဖြစ်စဉ်များကို ဆောင်ရွက်မှု။

(ရ) ကျင်းပပြီးစီးခဲ့သောရွေးကောက်ပွဲနှင့် လာမည့်ရွေးကောက်ပွဲများတွင် ဉပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်း များနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆက်စပ်သော ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲဆိုင်ရာ ဖွံ့ဖြိုးမှုများ။

၁၈။ နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အခြားသော အရာများအပါအဝင် အောက်ပါ အခြေအနေများစွာကို ကျင့်သုံးသင့်သည်။

(က) လုံခြုံရေးအခြေအနေများသည် ဘက်လိုက်မှုကင်းသော နိုင်ငံသားလေ့လာစောင့်ကြည့်သူများနှင့် စောင့်ကြပ်ကွပ်ကဲရေးသမားများအား ယင်းတို့၏လုံခြုံရေး မိမိတို့မိသားစု၏ လုံခြုံရေး သို့မဟုတ် မိမိတို့ စီးပွားဉစ္စာများကို ကြီးကြီးမားမားမစွန့်စားရဘဲ ဖြစ်စဉ်များကို အကဲဖြတ်ခွင့်ပေးခြင်း။

(ခ) နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မီဒီယာများ သို့မဟုတ် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ စောင်ကြည့်လေ့လာသူများကို စောင့်ကြည့်လေ့လာခွင့်နည်းပါးစွာပေးခြင်းကဲ့သို့ မလိုလား အပ်သော ခွဲခြားဆက်ဆံမှုများ သို့မဟုတ် ကြောင်းကျိုးဆီလျော်မှုမရှိသော ကန့်သတ်ချက်များမရှိဘဲ အသိအမှတ်ပြုခြင်းများ အပါအဝင် မလိုအပ်သော လေ့လာစောင့်ကြည့်မှုများကို အချိန်ကိုက်ခွင့်ပြုကာ ရွေးကောက်ပွဲအကြို၊ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲလွန်ကာလများတွင် ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အဖွဲ့အစည်းများကို မဲရုံများနှင့် ရွေးကောက်ပွဲနှင့်စပ်ဆက်သော အခြားနေရာများ၊ ဖြစ်စဉ်များကို လေ့လာစောင့်ကြည့်ခွင့်ပေးခြင်းဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များနှင့် ရွေးကောက်ပွဲဖြစ်စဉ်များနှင့်ဆက်စပ်နေသော အခြားအစိုးရအာဏာပိုင် များက အစိုးရနှင့် ပြည်သူ့ရေးရာများတွင် ပါဝင်ခွင့်ကို ပေးခြင်း။

(ဂ) ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာနများနှင့် အခြားအစိုးရဏာပိုင်များက ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်ရေး၏ အဆင့်မြင့်ပိုင်းများ၌ မဲရုံများတွင် မှတ်တမ်းတင်ထားသော ရွေးကောက်ပွဲရလဒ်များနှင့် စုစုပေါင်းရလဒ် များအပါအဝင် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရွေးကောက်ပွဲဆိုင်ရာ ပွင့်လင်း မြင်သာမှုကိုပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာနှင့်ဆက်စပ်နေသော လှုပ်ရှားမှုများကို စိစစ်ခွင့်ပြုခြင်း။

(ဃ) နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကို ထောက်ခံသူများ သို့မဟုတ် ဆန့်ကျင်သူများက မိမိတို့၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများချိုးဖောက်ခံရခြင်းနှင့်ပက်သက်သည့် တိုင်ကြားချက်များနှင့် မိမိတို့ကြုံတွေ့နေရသည် ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှုများနှင့်ပက်သက်သော သတင်းအချက်အလက်များကို အချိန်မီထုတ်ပြန်ပေးခြင်း။

(င) ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အဖွဲ့အစည်းများသည် ပြည်တွင်း ပြည်ပနစ်ခုစလုံးရှိ အခြားသောအဖွဲ့အစည်းများနှင့် လွတ်လပ်စွာသင်းပင်း ဖွဲ့စည်းနိုင်ပြီး ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး/စောင့်ကြပ်ကွပ်ကဲရေးလုပ်ငန်း များကို ဆောင်ရွက်နိုင်ရန်

ဘဏ္ဍာရေးအကူအညီအပါအဝင် ယင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်/သို့မဟုတ် အကူအညီများနှင့် အထောက်အပံ့များကိုလည်း ရယူနိုင်ခြင်း။

(စ) ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများသည် သတင်းအချက်အလက်များကို ရှာဖွေခြင်း၊ လက်ခံရယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ပြည်တွင်းအားဖြင့်သော်လည်းကောင်း၊ နယ်ခြားဖြတ်ကျော်၍သော်လည်းကောင်း၊ နှုတ်အားဖြင့် ဆက်ဆံရေးမှသော်လည်းကောင်း၊ ပုံနှိပ်ခြင်းအားဖြင့်သော်လည်းကောင်း၊ အင်တာနက်အပါအဝင် အီလက်ထရွန်းနစ် မီဒီယာအားဖြင့်သော်လည်း ဆောင်ရွက်ခြင်း။

(ဆ) နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး နှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများအား ရန်ပုံငွေနှင့်/သို့မဟုတ် အခြားအကူအညီများ ပေးမည့် နိုင်ငံတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အေဂျင်စီများ၊ ဖောင်ဒေးရှင်းများနှင့် အခြားသူများသည် စနစ်အကျ ဆုံး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး နည်းနာဗေဒများကို လက်တွေ့ကျင့်သုံး နိုင်ရန်နှင့် နိုင်ငံသားအဖွဲ့အစည်းများ၏ စွမ်းရည်နှင့်အညီဆောင်ရွက်နိုင်ရန် တိုင်းပြည်အခြေအနေနှင့် ကိုက်ညီ ဖွယ်ရှိသည့် အချိန်ကိုက်နှင့် လက်တွေ့ကျစွာ လုပ်ဆောင်ခြင်း။

(ဇ) ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာနများ၊ အခြားအစိုးရအာဏာပိုင်များ၊ ရန်ပုံငွေထောက်ပံ့သူများနှင့် အခြားအထောက်အပံ့ပေးသူများသည် ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများက စုဆောင်းထားသော သတင်းအချက်အလက်များ၊ လေ့လာသုံးသပ်ချက်များနှင့် နိဂုံးကောက်ချက်များသည် သက်ဆိုင်ရာ ဘက်လိုက်မှုကင်းသော နိုင်ငံသား လေ့လာစောင့်ကြည့်ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများပိုင်ဖြစ်သည်ကို ကနဦးအားဖြင့် အသိအမှတ်ပြုလက်ခံရမည်ဖြစ်ပြီး သူတို့၏ တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များထုတ်ပြန်ခြင်းအတွက် အချိန်ကိုက်ထုတ်ပြန်ရမည့် တရားရေးဆိုင်ရာလိုအပ်ချက်များအရ ဆုံးဖြတ်ခြင်းအတွက် အဆိုပါအဖွဲ့အစည်းများတွင်သာ တာဝန်ရှိခြင်း။

အထက်ပါအခြေအနေများအတိုင်း ထုတ်ပြန်ခြင်းများမပြုလုပ်ပါက နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အောက်မြင်မှုအလား အလာများအတွက် သက်ရောက်လိမ့်မည်ဖြစ်သည်။ လေ့လာစောင့်ကြည့်သူများ/စောင့်ကြပ်ကွပ်ကဲရေးသမားများ ဖြန့်ချခြင်း သို့မဟုတ် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့်နေရာများသို့ လေ့လာစောင့်ကြည့်ခြင်းနှင့် အသိအမှတ်ပြုခြင်းများအတွက် အရည်အသွေးပြည့်ဝသော လုံခြုံမှုမရှိလျှင် ရွေးကောက်ပွဲဖြစ်စဉ်များကို စနစ် တကျစိစစ်ခြင်းပြုနိုင်ဖွယ်မရှိပေ။ သို့သော်လည်း စောင့်ကြည့်လေ့လာသူများ/စောင့်ကြပ်ကွပ်ကဲသူများ တစ်စိတ်တစ်ပိုင်းဖြန့်ချရန်၊ မဲရုံများနှင့်/သို့မဟုတ် အခြား ရွေးကောက်ပွဲဆိုင်ရာနေရာများ သို့မဟုတ် ကန့်သတ် ထားသောအခြေအနေများ (ကန့်သတ်ချက်များကို သတ်မှတ်ရာတွင် ယင်းတို့၏ အကြောင်းတရားနှင့် မိမိတို့ လုပ်ငန်းများ သက်ရောက်လာဖွယ်ရှိသည်များနှင့် တွက်သည်) အတွက် အခြားနည်းဖြင့် ပြင်ပမှ သတင်းအချက် အလက်များစုဆောင်းရန် ဘက်လိုက်မှုကင်းသော စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများက ဆုံးဖြတ်ပေလိမ့်မည်။

**ကတိကဝတ်များ**

၁၉။ လူတိုင်းလူတိုင်း ညီမျှစွာမဲပေးပိုင်ခွင့်ကို အခြေခံပြီး စစ်မှန်သော ရွေးကောက်ပွဲများကို ပိုမိုထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူ့ရေးရာများတွင် ပါဝင်ခွင့်ကို လေးစားရန်နှင့် လေ့လာ စောင့်ကြည့်သူများ၊ စောင့်ကြပ်ကွပ်ကဲသူများနှင့် အဖွဲ့အစည်း၏ ခေါင်းဆောင်များအဖြစ် ဌာနေတိုင်းရင်း သားများ၊ လူနည်းစုလူမျိုးများ၊ လူငယ်များနှင့် အမျိုးသမီးများ ညီမျှစွာပါဝင်ခြင်း အပါအဝင် လူဦးရေ၏ အပိုင်းအားလုံး၏ ပါဝင်မှုကိုမြှင့်တင်သွားပါမည်ဟု ယခုကြေညာစာတမ်းကို ထောက်ခံအတည်ပြုသော အဖွဲ့အစည်းများသည် ကတိပြုပါသည်။

၂၀။ မဲဆန္ဒရှင်များ အညီအမျှမဲပေးပိုင်ခွင့်နှင့် ကျင်းပမည့်ရွေးကောက်ပွဲများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက် စေရန် ရွေးကောက်ပွဲဆိုင်ရာ အခင်းအကျင်းတွင် ဥပဒေရှေ့မှောက်တွင် ညီတူညီမျှဖြစ်ခြင်းနှင့် ဥပဒေ၏ အကာ ကွယ်ကို ညီမျှစွာရရှိခြင်းကို လေးစားခြင်း အပါအဝင် တိုင်းပြည်တရားရေးမှုဘောင်က တားမြစ်ထားသည့် ခွဲခြား ဆက်ဆံခြင်းများမှ ကင်းလွတ်ခြင်းနှင့် တိုင်းပြည်၏ နိုင်ငံတကာလူ့အခွင့်အရေးများကို လိုက်နာခြင်းများ ရွေးကောက်ပွဲနှင့်ဆက်စပ်သော ဖြစ်စဉ်များတွင် ရှိ၊ မရှိ နိုင်ငံသားအဖွဲ့အစည်းများက ပြုလုပ်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးတို့က အကဲဖြတ်သင့်သည်။ ရွေးကောက်ပွဲဖြစ်စဉ်များတွင် အမျိုးသမီးများ၊ လူငယ်များ၊ ဌာနေတိုင်းရင်းသားများ၊ လူနည်းစုလူမျိုးများနှင့် အခြားသော အစဉ်အလာအားဖြင့် ကိုယ်စားပြုမှု ပမာဏအောက်ရှိ လူဦးရေအချိုးအစားရှိသော (မသန်စွမ်းများ နှင့် ပြည်တွင်းရွှေ့ပြောင်းခံရသူများ-IDPs) သူများ ပါဝင်ခြင်း နှင့် ပက်သက်သော အကြောင်းအရာများကို မိမိတို့၏ အစီရင်ခံစာများတွင် တွေ့ရှိချက်များ၊ အကြံပြုထောက်ခံချက် များထည့်သွင်းပါမည်၏ဟု ယခု ကြေညာချက်ကိုထောက်ခံအတည်ပြုသော အဖွဲ့အစည်းများက ကတိပြုသလို ထိရောက်သည့် မဲဆန္ဒရှင် စာရင်းသွင်းခြင်း၊ ကိုယ်စားလှယ်လောင်းရွေးချယ်ခြင်းနှင့် အရည်အသွေးသတ်မှတ်ခြင်း၊ မဲပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာရွေးချယ်မှုနှင့်ပက်သက်ပြီး စိတ်ကြိုက်ရွေးချယ်နိုင်ရန် လူနည်းစုဘာသာစကားများဖြင့် တိကျပြီး အရည်အသွေးပြည့်ဝသော သတင်းအချက်အလက်များရယူခြင်းအပါအဝင် ယင်းသို့သောအုပ်စု များတွင် အပြည့်အဝပါဝင်ရန်နှင့်/သို့မဟုတ် သူတို့၏ပါဝင်မှုအတွက် အဆီးအတားဖြစ်နေသော အရာများကို ဖမ်းရှာပေးရန် အားပေးရန် အာဏာပိုင်များ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသူများနှင့် အခြားသော အက်တာများလုပ်ဆောင်သည့် အဆင့်များနှင့်ပက်သက်၍လည်း မိမိတို့၏ အစီရင်ခံစာများတွင် တွေ့ရှိချက်များ၊ အကြံပြုထောက်ခံချက်များ ထည့်သွင်းပါမည်ဟု ကတိပြုပါသည်။

၂၁။ ယခုကြေညာစာတမ်းကို ထောက်ခံအတည်ပြုသော ဘက်လိုက်မှုကင်းသည့် နိုင်ငံသား ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများ အောက်ပါတို့ကို -

(က) ဘက်လိုက်မှုကင်းသော နိုင်ငံသား လေ့လာစောင့်ကြည့်သူများ/စောင့်ကြပ်ကွပ်ကဲသူများအပါအဝင် ယင်းတို့၏ ခေါင်းဆောင်များနှင့် ပါဝင်သူများအားလုံးတို့သည် ယင်းတို့၏ ရွေးကောက်ပွဲစောင့်ကြပ်ကွပ်ကဲရေး လုပ်ငန်းများ အားလုံးတွင် သမာသမတ်ကျမှု၊ တိကျမှုနှင့် အချိန်ကိုက်ဖြစ်မှုလိုအပ်ချက်များကို အပြည့်အဝ နားလည်ပြီး ကိုင်စွဲရန် ကတိပြုခြင်း။

(ခ) (၁) ဘက်လိုက်မှုကင်းခြင်း (ယခု ကြေညာချက်ရှိ အကြောင်းအရာများ အပါအဝင်)၊ (၂) သက်ဆိုင်သော တိုင်းပြည်၏ ဥပဒေများ၊ လိုက်နာရန်ဝတ္တရားများ (စစ်မှန်သော ရွေးကောက်ပွဲနှင့်ပက်သက်ပြီး နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လိုက်နာရန် ဝတ္တရားများအပါအဝင်)၊ စဉ်းမျဉ်းများ၊ စည်းကမ်းများနှင့် လုပ်ငန်းစဉ်များနှင့် ပက်သက်ပြီး ထိရောက်သော သင်တန်းများပေးခြင်းကဲ့သို့ပင် (၃) စောင့်ကြည့်လေ့လာခြင်း/စောင့်ကြပ်ကွပ်ကဲခြင်း ဆက်သွယ်ရေး

သဘောတူညီချက်များ၊ လုပ်ငန်းစဉ်များနှင့် (၄)ထိရောက်သော ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး/စောင့်ကြပ်ကွပ်ကဲရေးအတွက်လိုအပ်သည့် အသုံးချနိုင်သော စောင့်ကြည့်လေ့လာရေး၊ စောင့်ကြပ်ကွပ်ကဲရေး နည်းနာဗေဒများနှင့် နည်းနိဿယများနှင့်ပက်သက်၍လည်း ထိရောက်သော သင်တန်းများပေးခြင်း။

(ဂ) မိမိတို့ ဘုတ်အဖွဲ့ဝင်များ၊ အခြားခေါင်းဆောင်များ ဝန်ထမ်းများနှင့် ဘက်လိုက်မှုကင်းသော နိုင်ငံသား လေ့လာစောင့်ကြည့်သူများ/စောင့်ကြပ်ကွပ်ကဲရေးသမားများအပါအဝင် စေတနာ့ဝန်ထမ်းပါဝင်ကြသူများ၊ သင်တန်းဆရာများ၊ ဦးစီးဦးဆောင်ပြုကြသူများနှင့် အခြားအဖွဲ့ဝင်များသည် ယခုကြေညာစာတမ်းနှင့်အတူ ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့ အစည်းများ လိုက်နာရမည့် အခြေခံကျင့်ဝတ်များ သို့မဟုတ် ဘက်လိုမှုကင်းသော နိုင်ငံသားရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းတစ်ခုခု၏ လိုက်နာရမည့်အခြေခံကျင့်ဝတ် နှင့် ညီမျှသော တစ်ခုခုကို ဖတ်ရှုရန်၊ လက်မှတ်ရေးထိုးရန်နှင့် လိုက်နာကျင့်သုံးပါမည်ဟု ကတိပြုရန်လိုအပ်ခြင်း။

(ဃ) ရွေးကောက်ပွဲတစ်ခု သို့ဆန္ဒခံယူပွဲတစ်ခုတွင် မဲဆန္ဒရှင်များ၏ ရွေးချယ်မှုကိုသက်ရောက်မှုရှိစေသည့် ဘက်လိုက်မှုတစ်ခုခုမပြုလုပ်ဘဲ ရွေးကောက်ပွဲဖြစ်စဉ်များ၊ အရာရှိများ၊ ရွေးကောက်ပွဲယှဉ်ပြိုင်သူများ သို့မဟုတ် မဲဆန္ဒရှင်များကို အနှောင့်အယှက်မပြုကာ စစ်မှန်သော ဒီမိုကရက်တစ်ရွေးကောက်ပွဲများကို ကာကွယ်ပေးမည့် အမိန့်များ၊ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို လေးစားခြင်းနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့ အစည်းများ၊ အခြားအစိုးရအေဂျင်စီများ၊ အခြားရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်သူများနှင့်ပူးပေါင်းဆောင်ရွက် ခြင်း။

(င) နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် သမာသမတ်ရှိရှိ၊ တိတိကျကျ၊ အချိန်ကိုက် စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးလုပ်ငန်းများကို အတားအဆီးဖြစ်စေမည့် အကျိုးစီးပွားချင်းပဋိပက္ခကို ဖန်တီးပေးမည့် အခြေအနေတစ်ခုအပေါ် သို့မဟုတ် ရင်းမြစ်တစ်ခုမှ ရန်ပုံငွေလက်ခံမှုမပြုခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များအပါအဝင် အစိုးရ၏ အမှီအခိုကင်းမဲ့ဖြစ်ကာ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ဆန္ဒခံယူပွဲကို ထောက်ခံကြသူများ သို့မဟုတ် ဆန့်ကျင်ကြသူများအပေါ် ကြားနေဖြစ်ခြင်း။

(စ) ဘက်လိုက်မှုကင်းသော အခြေခံမူများနှင့် တိုင်းပြည်အခြေအနေများအောက်တွင် လက်တွေ့အသုံးပြုနိုင် သည့် အကောင်းဆုံးနှင့် စနစ်အကျဆုံး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး နည်းနာဗေဒများနှင့် နည်းနိဿယများကို အသုံးပြုသကဲ့သို့ ရွေးကောက်ပွဲဖြစ်စဉ်များ၏ အဖြစ်အပျက်များကို လည်း စောင့်ကြပ်ကွပ်ကဲလျက်ရှိခြင်း။

(ဆ) တိုင်းပြည်၏ တရားရေးဆိုင်ရာလိုအပ်ချက်များ၊ အသုံးချနိုင်သော နိုင်ငံတကာနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များကို အခြေခံပြီး သမာသမတ်ကျသော၊ အချက်အလက်မှန်ပေါ်အခြေခံသော သုံးသပ်မှုပြုလုပ်ခြင်းနှင့် တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များ ရှာဖွေပေးခြင်း၊ မိမိတို့၏ စောင့်ကြည့်လေ့လာရေး/စောင့်ကြပ်ကွပ်ကဲရေးလုပ်ငန်းများတွင် အသုံးပြုသော စံသတ်မှတ်ချက်များနှင့် ပက်သက်ပြီး ပွင့်လင်းမြင်သာမှုရှိခြင်း။

(ဇ) ဥပဒေများတွင်ပြဋ္ဌာန်းထားသည့် မလျော်ကန်သော ပြဋ္ဌာန်းချက်များ၊ ကြောင်းကျိုးဆီလျော်မှုမရှိသော ကန့်သတ်ချက်များနှင့် ဒီမိုကရက်တစ်ရွေးကောက်ပွဲများ စစ်မှန်စွာဖြင့် အောင်မြင်ရေးတွင်ရှိနေသည့် အခြားသော အဆီးအတားများကို ဖယ်ရှားခြင်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်ရန် အချက်အလက်မှန်အပေါ်

အခြေခံထားသည့် သုံးသပ်ချက်များ၊ စောင့်ကြည့်လေ့လာမှုများ၊ တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များပါဝင်သည့် တိကျသော၊ သမာသမတ်ရှိသော၊ အချိန်ကိုက် အစီရင်ခံစာများ၊ ကြေညာချက်များ၊ ထုတ်ပြန်ချက်များကို ရွေးကောက်ပွဲနှင့်သက်ဆိုင်သူများအပါအဝင် ပြည်သူများသို့ ပုံမှန် ထုတ်ပြန်ပေးခြင်း။

(ဈ) ယခုကြေညာစာတမ်းကို အတည်ပြုထောက်ခံပြီး ယုံကြည်မှုကောင်းကောင်းဖြင့် အကောင်အထည်ဖော်နေ သည့် အခြား ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲ ရေးအဖွဲ့များနှင့် တိုင်းပြည်အခြေအနေများတွင် ဖြစ်နိုင်သမျှ အမြင့်ဆုံးဒီဂရီဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ည) ဒေသတွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင်များအပါအဝင် အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး မစ်ရှင်များ ပူပေါင်းဆောင်ရွက်ခြင်း၊ စစ်မှန်သော ဒီမိုကရက်တစ်ရွေးကောက်ပွဲများနှင့် ပက်သက်သော အခြားမစ်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဋ) ဒီမိုကရက်တစ်အုပ်ချုပ်ရေးအဆင့်မြှင့်တင်ရေးတွင် ပိုမိုကျယ်ပြန့်စွာပါဝင်စေရန်၊ ရွေးကောက်ပွဲနှင့်နိုင်ငံရေး ဖြစ်စဉ်များတွင် ရွေးကောက်ပွဲများနှင့် ယင်းတို့၏အကောင်အထည်ဖော်မှုများအတွက်၊ အကြမ်းဖက်မှုကင်းပြီး ပွင့်လင်းကာ တာဝန်ယူမှုရှိသော ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာဖြစ်စဉ်များအတွက်၊ နိုင်ငံသားတို့၏ အပြည့်အဝပါဝင် မှုကို ကြောင်းကျိုး ဆီလျော်မှုမရှိဘဲ ကန့်သတ်ထားခြင်းများနှင့် အခြားအတားအဆီးများကို ဖယ်ရှားရန်အတွက်၊ တရားရေးမူဘောင်တွင်တိုးတက်မှုများအတွက် လက်တွေ့အသုံးဝင်သောနေရာတွင် ဦးဆောင်ဆော်သြခြင်းနှင့်

(ဌ) ယခုကြေညာစာတမ်းနှင့် ၎င်းနှင့်အတူ အခြေခံကျင့်ဝတ်များကို အခြားသော ရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်သူများနှင့် နိုင်ငံသားများနှင့် အများပြည်သူသိအောင် ထုတ်ပြန်ခြင်းတို့ကို လုပ်ဆောင်ရမည်။

၂၂။ ယခုကြေညာချက်ကို အတည်ပြုထောက်ခံသည့် ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများသည် ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် စောင့်ကြပ်ကွပ်ကဲရေးသမားအတွက် အခြေခံကျင့်ဝတ်များနှင့် အတူ ယခုကြေညာစာတမ်း၏ သဘောတူညီချက်များနှင့် စိတ်ဓာတ်များကို လုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် အသုံးပြုရမည် ဖြစ်သည်။

**အတည်ပြုထောက်ခံခြင်းများ**

၂၃။ ဘက်လိုက်မှုကင်းသော နိုင်ငံသား ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် စောင့်ကြပ်ကွပ်ကဲသူများ အတွက် အခြေခံကျင့်ဝတ်များနှင့်အတူ ယခုကြေညာစာတမ်းကို တစ်ဖွဲ့ချင်း ဘက်လိုက်မှုကင်းသော နိုင်ငံသားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများ၊ ဘက်လိုက်မှုကင်း သော နိုင်ငံသားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများ၏ ဒေသဆိုင်ရာ ကွန်ရက်များ ထောက်ခံအတည်ပြုရန် ဆက်လက်လမ်းဖွင့်ထားဆဲဖြစ်သည်။ ယင်းသို့သော အဖွဲ့အစည်းများနှင့် ကွန်ရက်များအားလုံးကို "အတည်ပြုထောက်ခံ သည့် အဖွဲ့အစည်းများ" အဖြစ် သတ်မှတ် မည်ဖြစ်သည်။

၂၄။ အခြေခံကျင့်ဝတ်များနှင့်အတူ ယခုကြေညာစာတမ်းကိုအစိုးရချင်းချိတ်ဆက်ထားသော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားအသင်းအဖွဲ့များကဲ့သို့ နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှု

ကင်းသော ရွေးကောက်ပွဲစောင့်ကြပ်ကွပ်ကဲရေးနှင့် သက်ဆိုင်သော သို့မဟုတ် ထောက်ခံသော အခြားဖွဲ့အစည်းများကလည်း အတည်ပြုထောက်ခံဖွယ်ရှိသည်။ ယင်းသို့သော အဖွဲ့အစည်းများအား "ကြေညာ စာတမ်းကို ထောက်ခံကြသူများ" အဖြစ် သတ်မှတ်မည်။

၂၅။ အတည်ပြုထောက်ခံခြင်းများကို ပြည်တွင်းရွေးကောက်ပွဲစောင့်ကြပ်ကွပ်ကဲသူများ၏ ကမ္ဘာလုံးဆိုင်ရာကွန်ရက်နှင့်အတူ မှတ်တမ်းတင်ထားမည်၊ သို့မဟုတ် ယခုကြေညာစာတမ်းနှင့် အခြေခံကျင့်ဝတ်များကို အတည်ပြုထောက်ခံထားသော ဘက်လိုက်မှုကင်းသည့် နိုင်ငံသားရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ် ကွပ်ကဲရေးအဖွဲ့အစည်းများ၏ ဒေသဆိုင်ရာကွန်ရက်တစ်ခုခုနှင့် မှတ်တမ်းတင်ထားမည်ဖြစ်သည်။ အတည်ပြု ထောက်ခံခြင်းများကို ယခုကြေညာစာတမ်းနှင့် အခြေခံကျင့်ဝတ်များအား အများသဘောတူဖြစ်စဉ်တည် ဆောက်ရာတွင် ဆောင်ရွက်သည့် National Democratic Institute (NDI) နှင့်အတူ မှတ်တမ်းတင်ထားရပေ မည်။ အတည်ပြုထောက်ခံခြင်းကို စာရင်းတစ်ခုခု၏ ခေါင်းစဉ်အောက်တွင်မှတ်တမ်းတင်ချိန်တွင် အခြားသူများ အား အချိန်ကိုက် သတင်းပေးသွားမည်ဖြစ်သည်။

**ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲလေ့လာသူနှင့် စောင့်ကြပ်ကွပ်ကဲသူနိုင်ငံသားများအတွက် လိုက်နာရမည့် အခြေခံကျင့်ဝတ် Code of Conduct များ**

**မိတ်ဆက်**

ကမ္ဘာတလွှားတွင် ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများမှ ရွေးကောက်ပွဲများကို စောင့်ကြည့် လေ့လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲခြင်းတို့သည် ရွေးကောက်ပွဲများ၏ သမာသမတ်ကျမှုကို ကာကွယ် ထိန်းသိမ်းခြင်း၊ ဒီမိုကရေစီ ရွေးကောက်ပွဲများအပေါ်နိုင်ငံသားများ၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ခြင်းနှင့် ရွေးကော်ပွဲနှင့်ဆက်စပ်ပြီးဖြစ်ပွားသော အကြမ်းဖက်မှုများဖြစ်နိုင်ချေကို လျှော့ချနိုင်ခြင်းတို့အတွက် မဖြစ်မနေ ကျင့်သုံးသော လုပ်ထုံးလုပ်နည်း တစ်ခုဖြစ်လာခဲ့သည်။ အစိုးရများနှင့် ရွေးကောက်ပွဲစီမံကျင်းပသော အဖွဲ့အစည်းများ၊ ရွေးချယ်ခံ ကိုယ်စားလှယ် လောင်းများ၊ အခြားသော ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်နေ သူများအားလုံးတို့သည်လည်း နိုင်ငံသားအဖွဲ့အစည်း များမှရွေးကောက်ပွဲကိုလေ့လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲ ခြင်းတို့သည် အစိုးရမှုနှင့် အများပြည်သူဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံသားများပါဝင်ဆောင်ရွက်ခွင့်ကို အခြေခံကျကျကျင့်သုံးခြင်းပင်ဖြစ်သည်ဟု အသိအမှတ်ပြုလက်ခံလာကြသည်။ ထိုသို့နိုင်ငံရေးကိစ္စရပ်များ တွင် နိုင်ငံသားများကိုယ်တိုင်ပါဝင်ခွင့်သည် နိုင်ငံတကာကအသိအမှတ်ပြု လက်ခံထားသော လူ့အခွင့်အရေး တစ်ရပ်ပင်ဖြစ်ပါသည်။ ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများမှ ရွေးကောက်ပွဲများကို စောင့်ကြည့် လေ့လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲခြင်းကို နိုင်ငံစုံအဖွဲ့အစည်းများ၊ နိုင်ငံစုံသဘောတူညီချက်ချာတာများ၊ ကြေညာချက်များနှင့် အခြားသော လုပ်ထုံးလုပ်နည်းများအားလုံးတို့တွင် စစ်မှန်သောဒီမိုကရေစီရွေးကောက်ပွဲ များမြှင့်တင်ရေး၌ အရေးပါသော မျက်နှာစာတစ်ရပ်အဖြစ် အသိအမှတ်ပြုလက်ခံထားကြသည်။

ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများမှ ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြပ်ကွပ်ကဲခြင်း၏ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ ဖြောင့်မတ်မှန်ကန်မှုကို အာမခံချက် ပေးရာတွင် ကူညီပံ့ပိုးပေးရန်ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှု အပြည့်ဖြင့်ဆောင်ရွက်ခြင်းရှိမရှိ၊ နိုင်ငံတော်မှပြဌာန်းထားသော အခြေခံဥပဒေ၊ ဥပဒေနှင့် ရွေးကောက်ပွဲလုပ်ထုံး လုပ်နည်းများ၊ ရွေးကောက်ပွဲဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတော်မှ သဘောတူလက်မှတ်ရေးထိုးထားသော စာချုပ်စာတမ်းများအတိုင်း အတိအကျလိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို ဘက်လိုက်မှုလုံးဝမရှိပဲ အဖြစ်မှန် အတိုင်းသက်သေခံ စောင့်ကြည့်ခြင်းနှင့် ပြန်လည်တင်ပြခြင်းဖြင့် ထိုသို့ကူညီပံ့ပိုးပေးနိုင်သည်။ ထိုသို့လေ့လာ စောင့်ကြည့်ခြင်းသည် ရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူများအားလုံး (ကိုယ်စားလှယ်လောင်းများ၊ ပါတီများ၊ ပြည်သူ့ဆန္ဒခံယူပွဲကို ထောက်ခံသူနှင့်ကန့်ကွက်သူများ၊ ရွေးကောက်ပွဲအာဏာပိုင်များ၊ အစိုးရတာဝန် ရှိသူများ၊ မီဒီယာများနှင့် မဲဆန္ဒရှင်များအားလုံး) အားလည်း ဥပဒေနှင့်ရွေးကောက်ပွဲဆိုင်ရာနိုင်ငံသားအခွင့် အရေးများကို လေးစားလိုက်နာစေရန်လည်း ဖိအားပေးနိုင်သည်။ ဥပဒေကိုချိုးဖောက်သူများ၊ နိုင်ငံသားများ၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို ဖောက်ဖျက်သူများအပေါ်လည်း တာဝန်ခံယူမှုရှိရှိ အရေးယူဆောင်ရွက် ရန်ဖိအားပေးနိုင်သည်။ ထို့အပြင်နိုင်ငံသားများကိုလည်း နိုင်ငံရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့် ကိုအပြည့်အဝကျင့်သုံးနိုင်စေရန် အခွင့်အလမ်းပေးရာလည်းရောက်သည်။ ထို့အပြင်ရွေးကောက်ပွဲနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူအများပိုမို ပါဝင်လာအောင်လည်း တိုက်တွန်းအားပေးရာရောက်သည်။

ဘက်လိုက်မှုကင်းသော နိုင်ငံသားအဖွဲ့အစည်းများမှ ရွေးကောက်ပွဲများကို စောင့်ကြည့် လေ့လာခြင်းသည် နိုင်ငံသားများ၏အခြေခံရပိုင်ခွင့်တစ်ခုသာမကပဲ တာဝန်တစ်ရပ်လည်းဖြစ်ပါသည်။ ထိုတာဝန်ဝတ္တရားများကို အခြေခံကျင့်ဝတ် Code of Conduct များတွင် ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမည့် နိုင်ငံသားအဖွဲ့အစည်းများအားလုံး၏ ဘက်လိုက်မှု ဂတိတရား ကင်းရှင်း စေရေးကိုလည်း ထည့်သွင်းဖော်ပြထားသည်။ လေ့လာသူနှင့်စောင့်ကြပ်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို Code of Conduct အပြင်အဖွဲ့အစည်း၏ အခြေခံလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများအတွင်း၌လည်း ထည့်သွင်း ရေးဆွဲထားနိုင်သည်။

နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး အတွက် ကမ္ဘာလုံးဆိုင်ရာအခြေခံမူများကြေညာစာတမ်း (Declaration of Global Principles for Non-partisan Election Observation and Monitoring by Citizen Organisations) ကိုလက်ခံသဘောတူထားသော အဖွဲ့အစည်းများနှင့်ကွန်ရက်များသည် အခြားသော Code of Conduct များနှင့် အဖွဲ့အစည်း၏ကိုယ်ပိုင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများအပြင် ယခု Code of Conduct ကိုလည်း လက်ခံကျင့်သုံးကြလေ့ရှိသည်။ ဦးဆောင်သူများအပါအဝင် ဝန်ထမ်းများ၊ သင်တန်းနည်းပြ များ၊ အတိုင်ပင်ခံများ၊ လေ့လာစောင့်ကြည့်သူများနှင့် ကြည့်ကြပ်သူများအားလုံးယခု Code of Conduct ကို လိုက်နာစောင့်ထိန်းရန်လိုအပ်သည်။ ထို့အပြင် Non-partisan Election Observation and Monitoring Pledge ကိုလည်း လိုက်နာစောင့်ထိန်းကြသည်။

**Codes of Conduct လိုက်နာစောင့်ထိန်းရမည့် အခြေခံကျင့်ဝတ်များ**

ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲလေ့လာသူနှင့်စောင့်ကြည့်သူများ၏ရည်မှန်းချက်နှင့် ပန်းတိုင်များကို အောင်မြင် ပေါက်ရောက်စေရန်အတွက် အဖွဲ့အစည်းနှင့်ကွန်ရက်တစ်ခုချင်းစီတို့သည် အောက်ပါတို့ကို သဘောတူလိုက်နာပါမည်ဟု ကတိကဝတ်ပြုကြသည်။

၁။ ရွေးကောက်ပွဲဖြစ်စဉ်နှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်မှုများအားလုံး (လေ့လာခြင်း၊ စောင့်ကြည့်ခြင်း၊ မဲဆန္ဒရှင်ပညာပေးခြင်း၊ မဲဆန္ဒရလာဒ်ကြိုတင်ခန့်မှန်းရန် မဲရုံမှအတွက်တွင် မဲပေးခိုင်းခြင်းနှင့် အခြားလုပ်ငန်းများ) တွင် နိုင်ငံရေးအရ တိတိကျကျကြားနေခြင်းအားဖြင့် ဘက်လိုက်မှုကင်းခြင်းကို တိတိကျကျလိုက်နာစောင့်ထိန်းသည်။ ထို့အပြင် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးဦး၊ နိုင်ငံရေးပါတီတစ်ခုခု၊ အုပ်စု၊ လှုပ်ရှားမှုတစ်ခုခု၊ ပြည်သူ့ဆန္ဒခံယူပွဲတွင် ထောက်ခံသူနှင့် ကန့်ကွက်သူများအပေါ် ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ ကို လူသိရှင်ကြားထုတ်ဖော်ပြောကြားခြင်း များကိုလည်း ရှောင်လျားသည်။ ပြိုင်ဖက်နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ၏ မည်သည့် လာဘ်ထိုးမှု၊ သို့မဟုတ် ခြိမ်းခြောက်မှုတို့ကိုလည်း အတိအလင်းငြင်းဆိုပယ်ချသည်။

၂။ စစ်မှန်သော ဒီမိုကရေစီရွေးကောက်ပွဲဖြစ်စဉ်ကို အားပေးကူညီရန်အတွက် အစိုးရနှင့် သီးခြားကင်းလွတ်စွာ အလုပ်လုပ်ခြင်း၊ ရွေးကောက်ပွဲရလာဒ်အရှုံးအနိုင်နှင့်လုံးဝမသက်ဆိုင်အောင်နေခြင်း၊ အကောင်းဆုံးလုပ်ထုံး လုပ်နည်းများ၊ နည်းနာများကိုကျင့်သုံးခြင်းတို့ကို ဘက်လိုက်မှုကင်းခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် နိုင်ငံ၏အခြေ အနေတို့အရ လိုက်နာကျင့်သုံးဆောင်ရွက်သည်။ ရွေးကောက်ပွဲအချိန်စက်ဝန်းနှင့် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခု လုံးမှ အစိတ်အပိုင်း အသီးသီးနှင့် ဆက်စပ်နိုင်ငံရေးနောက်ခံအခြေအနေများကို စောင့်ကြည့်လေ့လာနိုင်ရန် အတွက် လိုက်နာကျင့်သုံး

ခြင်းလည်းဖြစ်ပါသည်။ ထို့အပြင် ထိုအကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် နည်းစနစ် များကို ရွေးကောက်ပွဲဖြစ်စဉ်၏ သီးခြားအစိတ်အပိုင်းတစ်ခုချင်းစီအတွက်လည်း ကျင့်သုံးနိုင်သည်။

၃။ အကြမ်းမဖက်ရေးစည်းမျဉ်းကို အတိအကျလိုက်နာစောင့်ထိန်းသည်။ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများအားလုံးကိုလည်း အလားတူစောင့်ထိန်းလိုက်နာရန် တွန်းအားပေးတောင်းဆိုသည်။ ရွေးကောက်ပွဲနှင့်ဆက်စပ်သောအကြမ်းဖက်မှုများလျော့ချရေးအတွက်လည်း ဆောင်ရွက်သင့်သောလုပ်ငန်းစဉ်များအားလုံးကိုဆောင် ရွက်သည်။

၄။ ဒီမိုကရေစီရွေးကောက်ပွဲများကျင်းပရေး၊ ရွေးကောက်ပွဲနှင့်ဆက်စပ်သော ရပိုင်ခွင့်များကို လေးစားလိုက်နာရေးနှင့်ပတ်သက်ပြီး နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာကတိကဝတ်များကို အတိအကျလေးစားလိုက်နာသည်။ အခြားသော ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူများအားလုံးကိုလည်း အလားတူလေးစားလိုက်နာရန် တိုက်တွန်းတောင်း ဆိုသည်။

၅။ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့အဆင့်ဆင့်၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုလေးစားသည်။ ရွေးကောက်ပွဲစီမံကျင်းပနေမှုကို ဥပဒေပ သို့မဟုတ် မလျော်မကန် နှောင့်ယှက် စွက်ဖက်ခြင်းလည်းမပြုပါ။ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲအာဏာပိုင်အရာရှိများနှင့် ပူးပေါင်းဆောင် ရွက်နိုင်ရန်လည်း အားသွန်ခွန်စိုက် ပွင့်လင်းစွာကြိုးပမ်းအားထုတ်ရမည်။ ရွေးကောက်ပွဲဖြောင့်မှန်ရေးအတွက် ရွေးကောက်ပွဲအာဏာပိုင်များ၏ ဥပဒေ နှင့်အညီ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များကိုလည်း လိုက်နာကျင့်သုံးရမည်။

၆။ မဲဆန္ဒရှင်များ၊ မဲဆန္ဒပေးခွင့်ရှိသူများ၏ ရွေးကောက်ပွဲမဲပေးရွေးချယ်မှုကို လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင် ရန်၊ မလျော်မကန်ခွဲခြားဆက်ဆံရခြင်း၊ နှောက်ယှက်ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းမရှိစေရန်လည်း ကူညီကာကွယ်စောင့်ရှောက်ပေးရမည်။ ဆန္ဒမဲပြား၏ လုံခြုံလျှို့ဝှက်မှု၊ မဲပေးခွင့်ရှိသူများအားလုံး (အမျိုးသမီး များ၊ လူငယ်များ၊ ဌာနေတိုင်းရင်းသားလူမျိုးစုများ၊ တိုင်းရင်းသားလူမျိုးများ၊ မသန်စွမ်းသူများ၊ လူ့အဖွဲ့အစည်း အတွင်းအစဉ်အလာအရ ဖယ်ကြဉ်ခြင်းခံရလေ့ရှိသူများအားလုံး) မဲဆန္ဒရှင်အဖြစ်မှတ်ပုံတင်ခွင့်ရှိစေရန်၊ ၎င်းတို့ ကောင်းစွာနားလည်သော ဘာသာစကားကို သုံးစွဲခွင့်ရစေရန်၊ ပြိုင်ဖက်ကိုယ်စားလှယ်လောင်းများထဲမှ ဆုံးဖြတ်ရွေးချယ်နိုင်ရန်အတွက် လုံလောက်သောသတင်းအချက်အလက်များရရှိစေရန်၊ ရွေးကောက်ပွဲဖြစ်စဉ်၏ အခြားသော အခန်းကဏ္ဍများတွင်လည်း ပါဝင်ခွင့်ရစေရန် ကူညီဆောင်ရွက်ပေးရမည်။

၇။ အောက်ပါအချက်များတွင်လည်း အရွေးချယ်ခံ နိုင်ငံရေးကိုယ်စားလှယ်လောင်းများ၏ ရပိုင်ခွင့်များကို တိတိကျကျဘက်လိုက်မှုကင်းခြင်းကို လိုက်နာဆောင်ရွက်လျက် ကာကွယ်စောင့်ရှောက်ပေးရမည်။ ၎င်းတို့၏ ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်၊ ဥပဒေအရ ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ခွင့်ကို မလျော်မကန်ခွဲခြားကန့်သတ်ခြင်း၊ အကျိုးအကြောင်းမဆီလျော်ပဲ တားမြစ်ကန့်သတ်ခြင်းမှကင်းလွတ်ခွင့်၊ မဲဆန္ဒရရှိရန်အတွက် ကြိုးပမ်းရာတွင်လည်း လွတ်လပ်စွာမဲဆွယ်စည်းရုံးပိုင်ခွင့်၊ မဲဆန္ဒရှင်ပြည်သူလူထုကို ၎င်းတို့၏ နိုင်ငံရေးသတင်း စကားဖြန့်ချိခွင့်၊ နိုင်ငံရေးသင်းပင်းဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်လှည့်လည်ခွင့်၊ ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်ခွင့်နှင့် မလျော်ကန်သည့်အချက်များကို ပြင်ဆင်ပြောင်းလဲနိုင်စေရန် ဆောင်ရွက်ခွင့်နှင့် ပုဂ္ဂလလုံခြုံရေးအာမခံချက် အပါအဝင် အချက်များကို အာမခံချက်ရရှိစေရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။

၈။ နိုင်ငံသားအဖွဲ့အစည်းများ၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကွဲရေးအတွက် ကမ္ဘာလုံးဆိုင်ရာအခြေခံမှုများကြေညာစာတမ်းကို သဘောတူလိုက်နာစောင့်ထိန်းသော ဘက်လိုက်မှုကင်းသော ပြည်သူ့အဖွဲ့အစည်းများမှ အခြားသော ရွေးကောက်ပွဲလေ့လာ၊ စောင့်ကြည့်သူများ နှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမစ်ရှင်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရမည်။

၉။ အကောင်းအဆိုးနှစ်မျိုးစလုံးပါဝင်သော လေ့လာချက်များနှင့် တွေ့ရှိချက်များကို ဘက်လိုက်မှုကင်းစွာ၊ တိကျစွာနှင့် အချိန်ကိုက်အစီရင်ခံတင်ပြရမည်။ အရေးကြီးသော ပြဿနာရပ်များအားလုံးကို သက်သေအခိုင် အလုံပြနိုင်ရန်အတွက် လိုအပ်သော အထောက်အထားများအားလုံးကို တင်ပြရမည်။ ရွေးကောက်ပွဲနှင့်ပတ် သက်သော အပြုသဘောဆောင် သည့် အချက်များကိုလည်း အထောက်အထားအပြည့်အစုံနှင့်တင်ပြရမည်။ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အဖြစ်အပျက်အခြေအနေအလုံးစုံကို ဘက်လိုက်မှုကင်းကင်းနှင့် တိတိကျကျ အစီရင်ခံတင်ပြရမည်။

၁၀။ ယခုဖော်ပြထားသော Code of Conduct ကို ရွေးကောက်ပွဲလေ့လာ၊ စောင့်ကြည့်သူအားလုံးသေချာစွာ နားလည်သဘောပေါက်စေရန် အရည်အသွေးမြင့်သော သင်တန်းများပို့ချထားရမည်။ ထို့နောက် Code of Conduct ကို ကောင်းစွာနားလည်ပြီး လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးထားစေရ မည်။ အစီရင်ခံစာများကို ထုတ်ပြန်ရာတွင်လည်း Code of Conduct ကို တိတိကျကျလိုက်နာပြီး ထုတ်ပြန်ရ မည်။

အထက်ပါ အချက် ၁၀ အကောင်အထည်ဖော်ရာတွင် တိုင်းပြည်အခြေအနေများနှင့် ကိုက်ညီစေရန် ပြင်ဆင် ခြင်းနှင့် နောက်ဆက်တွဲများထည့်ခြင်းတို့ကို ပြုလုပ်ရဖွယ်ရှိသည်။ အခြေခံကျင့်ဝတ်များ ပြဋ္ဌာန်းချက်များကို ကျင့်သုံးမည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် စောင့်ကြပ်ကွပ်ကဲသူများသည် ကျင့်ဝတ်များကို ဖတ်ရှုပြီးဆွေးနွေးကာ ဘက်လိုက်မှုကင်းစွာဆောင်ရွက်ပါမည်ဆိုသော ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုးရန် လိုအပ်သည်

ယင်းအခြေခံကျင့်ဝတ်များကို ဖောက်ဖျက်မှုများရှိလာပါက အတည်ပြုထောက်ခံထားသော အဖွဲ့အစည်းများ သည် အဆိုပါကိစ္စကို စုံစမ်းမှုပြုရမည်ဖြစ်သည်။ ဆိုးဆိုးရွားရွားဖောက်ဖျက်ခြင်းမျိုးတွေ့ရှိပါက ဖောက်ဖျက် သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ/စောင့်ကြပ်ကွပ်ကဲသူအား အသိအမှတ်ပြုခြင်းကို ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြု ထောက်ခံထားသည့် အဖွဲ့အစည်းမှ ထုတ်ပယ်ခြင်းပြုလုပ်ရဖွယ်ရှိသည်။ ယင်းဆိုသော ဆုံးဖြတ်ပိုင်ခွင့် အာဏာသည် အတည်ပြုထောက်ခံထားသော အဖွဲ့အစည်း၏ ခေါင်းဆောင်မှုတွင်သာ တည်နေသည်။

**ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြပ်ကွပ်ကွဲရေး ကတိပြုချက် နမူနာ**

စကားလုံးအပြောင်းအလဲများရှိပြီး တိုင်းပြည်အခင်းအကျင်းကွဲပြားမှုတွင် အသင့်လျော်ဆုံးစကားလုံးများ ပြောင်းလဲသွားမည် ဖြစ်သည်။

**ရွေးကောက်ပွဲစောင့်ကြပ်ကွပ်ကဲရေး ကတိပြုချက် (ကျမ်းသစ္စာ)**

ကျွန်ုပ် ကတိသစ္စာပြုသည်မှာ

၁။ ကျွန်ုပ်သည် လာမည့်ရွေးကောက်ပွဲကာလတွင် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ သူ သို့မဟုတ် စောင့်ကြပ်ကွပ်ကဲသူအဖြစ် မဲဆန္ဒရှင်စာရင်းသွင်းခြင်း၊ ကိုယ်စားလှယ်လောင်းအရည်အသွေး စစ် ဆေးခြင်း၊

နိုင်ငံရေးပါတီများ ကိုယ်စားလှယ်လောင်းရွေးချယ်ခြင်း၊ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ခြင်း၊ မီဒီယာဖော်ပြချက်များ၊ မဲပေးခြင်း သို့မဟုတ် မဲရေတွက်ခြင်းနှင့် မဲရလဒ်များ တွက်ချက်ခြင်းလုပ်ငန်းစဉ်များ သို့မဟုတ် ကျွန်ုပ်ဆောင်ရွက်ရန် သဘောတူသည့် ဘက်လိုက်မှုကင်းသော အခြားစောင့်ကြည့်ကွပ်ကဲရေး လုပ်ငန်းများကို စောင့်ကြည့်လေ့လာခြင်း နှင့်/သို့မဟုတ် စောင့်ကြပ်ကွပ်ကဲခြင်းပြုလုပ်ပါမည်။ ယင်းရွေးကောက် ပွဲနှင့်/သို့မဟုတ် ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်၏ ရွေးချယ်မှုကို သက်ရောက်မှုရှိသည့် အဖွဲ့အစည်းတစ်ခုခုဘက်သို့ လိုက်သော လုပ်ဆောင်မှုမျိုး ပြုလုပ်မည်မဟုတ်ပါ။ ကျွန်ုပ်သည် အဆင့်ဆင့်သော သမာသမတ်ကျစွာသော ရွေးကောက်ပွဲအာဏာပိုင်များကို လေးစားမည်ဖြစ်ပြီး ရွေးကောက်ပွဲနှင့်/သို့မဟုတ် ဆန္ဒခံယူပွဲ၏ အုပ်ချုပ်ရေး တွင် ဥပဒေပြင်ပအားဖြင့် သို့မဟုတ် မသင့်လျော်သောအားဖြင့် မည့်သည့်အခါမျှဝင်ရောက် စွက်ဖက်မည် မဟုတ်ပါ။

၂။ ကျွန်ုပ်သည် လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း၊ နိုင်ငံရေးပါတီ၊ အုပ်စု၊ လှုပ်ရှားမှုနှင့် အခြားသော အသင်းအဖွဲ့တစ်ခုခု၏ ကိုယ်စားလှယ်တစ်ယောက် သို့မဟုတ် တက်ကြွလှုပ်ရှားသူ တစ်ယောက်ယောက်ဖြစ်မည်မဟုတ်သလို လာမည့်ဆန္ဒခံယူပွဲတွင် ထောက်ခံသူ၏ သို့မဟုတ် ကန့်ကွက်သူ၏ တက်ကြွလှုပ်ရှားသူတစ်ယောက်လည်း ဖြစ်မည်မဟုတ်ပေ။ ကျွန်ုပ်သည် ယခုရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း တစ်ယောက်ဖြစ်လာရန် ရည်မှန်းထားခြင်းမရှိသလို အနာဂတ်တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် ကျွန်ုပ်၏ ကိုယ်စားလှယ်လောင်းဖြစ်မှုအား အထောက်အပံ့ပေးရန် အခြေခံတစ်ခုအဖြစ် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး သို့မဟုတ် စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းတစ်ခုခုအား အသုံး ပြုမည်လည်း မဟုတ်ပေ။

၃။ ကျွန်ုပ်သည် ရွေးကောက်ပွဲဖြစ်စဉ်များနှင့်ပက်သက်သည့် လှုပ်ရှားဆောင်ရွက်မှုအားလုံးတွင် သမာသမတ်ကျ မှုစွာ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း၊ နိုင်ငံရေးပါတီ၊ အုပ်စု၊ လှုပ်ရှားမှု သို့မဟုတ်  အခြားအသင်းအဖွဲ့တစ်ခုခုအား ကြိုက်နှစ်သက်ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်း သို့မဟုတ် ဆန္ဒခံယူပွဲတစ်ခုအား ထောက်ခံမှု သို့မဟုတ် ဆန့်ကျင်မှုတစ်ခုခုအား လူသိရှင်ကြားပြသမှုတစ်ခုခုပြုလုပ်ခြင်းမှ ရှောင်ကျဉ်ခြင်းနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်ကပေးသော ကမ်းလှမ်းမှု သို့မဟုတ် ခြိမ်းခြောက်မှုအားလုံးအား ငြင်းပယ်ခြင်းတို့ဖြင့် ဘက်လိုက်မှုကင်းခြင်းကို တင်းတင်းကြပ်ကြပ် ထိန်းသိမ်း သွားပါမည်။

၄။ ကျွန်ုပ်သည် စစ်မှန်သောရွေးကောက်ပွဲဖြစ်စဉ်များအား အထောက်အပံ့ပြုရာတွင် မဲရုံတစ်ခုတွင် လျို့ဝှက် စွာမဲပေးခွင့်ရှိသည့် ကျွန်ုပ်၏ အခွင့်အရေးကို ရယူသည့်အချိန်မှလွဲ၍ မည်သူနိုင်သည် သို့မဟုတ် မည်သူရှုံးသည်ဖြစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများ သို့မဟုတ် ဆန္ဒခံယူသည်အကြောင်းအရာအပေါ် နှင့်ပက်သက်ပြီး ကျွန်ုပ်၏ ပုဂ္ဂလိကအမြင်အား ဘေးဖယ်ထားပြီး လုပ်ဆောင်သွားပါမည်။

၅။ ကျွန်ုပ်၏ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး သို့မဟုတ် စောင့်ကြပ်ကွပ်ကဲရေး လုပ်ငန်းများကို သမာသမတ်ကျစွာ၊ တိကျစွာ၊ အချိန်ကိုက်ဖြစ်စွာဆောင်ရွက်ရာတွင် ကျွန်ုပ်အား အပဟန့်အတား ဖြစ်စေမည့် အကျိုးစီးပွားချင်ပဋိပက္ခများမရှိဘဲ တစ်စုံတစ်ခုရယူခြင်းမှရှောင်ကျဉ်ကာ သူတို့ကိုယ်ရေးကိုယ်တာ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားအရာများအတိုင်းရှိပါစေမည်။

၆။ ယခုအခြေခံကျင့်ဝတ်များ၊ ရေးသားထားသော ညွှန်ကြားချက်များ (စောင့်ကြည့်လေ့လာရေး/စောင့်ကြပ်ကွပ်ကဲရေးသဘောတူညီချက်များ၊ ညွှန်ကြားချက်မား၊ လမ်းညွှန်ချက်များကဲ့သို့)နှင့် အဖွဲ့အစည်း၏ ခေါင်းဆောင် ပိုင်းက နုတ်ဖြင့်ညွှန်ကြားချက်များကို လေးစားလိုက်နာပါမည်။

၇။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး/စောင့်ကြပ်ကွပ်ကဲရေးအဖွဲ့အစည်းက ကြေညာချက်တစ်ခု မထုတ် ပြန်မီ အဖွဲ့အစည်း၏ ခေါင်းဆောင်ပိုင်းက အထူးတလည်ညွှန်ကြားချက်မပေးလျှင် သတင်းမီဒီယာ သို့မဟုတ် အများပြည်သူသို့ ကျွန်ုပ်၏ လေ့လာစောင့်ကြည့်မှုနှင့်ပက်သက်ပြီး ကိုယ်ပိုင်မှတ်ချက်ပေးခြင်းမှ ရှောင်ကျဉ်ပါ မည်။

၈။ ကျွန်ုပ်သည် ပြည်တွင်းရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး သင်တန်းများအား လုံးကို တက်ရောက်ပါမည်။ ရွေးကောက်ပွဲဥပဒေနှင့် စည်းကမ်းများ၊ သင်တန်းများတွင် ညွှန်ကြားသော အခြား သက်ဆိုင်ရာ ဥပဒေများနှင့် ရင်းနှီးကျွမ်းဝင်အောင် ကြိုးပမ်းပါမည်။ အဖွဲ့အစည်းက အသုံးပြုသည် နည်းနာဗေ ဒများကို လိုက်နာကျင့်သုံးပါမည်။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် စောင့်ကြပ်ကွပ်ကဲရေး လုပ်ငန်းများ အားလုံးတွင် ကျွန်ုပ်ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် အကောင်းဆုံး ဆောင်ရွက်ပါမည်။

၉။ ကျွန်ုပ်သည် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သို့မဟုတ် စောင့်ကြပ်ကွပ်ကဲသူ တစ်ယောက်အနေဖြင့် ကျွန်ုပ်ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် စောင့်ကြည့်လေ့လာခဲ့သော အဖြစ်အပျက်များအားလုံး ကို သမာသမတ်ကျစွာ၊ တိကျစွာ (အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ အပါအဝင်)နှင့် ဖြစ်နိုင်သမျှ အချိန်နှင့်တစ် ပြေးညီ အစီရင်ခံပါမည်။

၁၀။ ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် စောင့်ကြပ်ကွပ်ကဲသူအတွက် အခြေခံကျင့်ဝတ်ကို သေသေချာချာဖတ်ရှုပြီး ပြည့်ပြည့်ဝဝနားလည်ခဲ့သောကြောင့် ကျွန်ုပ်သည် ယင်း၏ ပန်းတိုင်များကို မြှင့်တင်ရန်နှင့် လိုအပ်ချက်များနှင့်ကိုက်ညီအောင်ဆောင်ရွက်ရန် သဘောတူကြောင်း ကတိသစ္စာပြုပါသည်။ အခြေခံကျင့်ဝတ်၏ လိုအပ်ချက်များကို ကျွန်ုပ်ချိုးဖောက်ခဲ့လျှင် သို့မဟုတ် ကျွန်ုပ် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး သို့မဟုတ် စောင့်ကြပ်ကွပ်ကဲရေးကို သမာသမတ်စွာ၊ တိကျစွာဖြင့် အချိန်နှင့်တပြေးညီ ဖြည့်ဆည်းဆောင်ရွက်ခြင်းအား အဆီးအတားဖြစ်စေမည့် အကျိုးစီးပွားချင်းပဋိပက္ခတစ်ခုကို ကျွန်ုပ်တို့ပြုမိခဲ့လျှင် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူ သို့မဟုတ် စောင့်ကြပ်ကွပ်ကဲသူအဖြစ် ကျွန်ုပ်၏ အခန်းကဏ္ဍမှ နုတ်ထွက်ပါမည်ဟု ကတိသစ္စာပြုပါသည်။

------------------------------------------------------------------ လက်မှတ် -------------------------- နေ့စွဲ

------------------------------------------------------------------ အမည်